# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၁၁)၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၉ ရက် ၊ ၁၁-၁၀-၂၀၂၄၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူတတ် ၊ ဝန်တိုတတ် ၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံရေတပ် အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို လိုလားပြီး အာဆီယံအဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting) သို့ တက်ရောက်ကြမည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညှော်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ❍

ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၁) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ သောကြာနေ့။

# စာဆိုဗိမာန်အဆောက်အဦ တည်ဆောက်လျက်ရှိ

မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်သည့်အထိမ်းအမှတ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ မြေနေရာ၌ စာဆိုဗိမာန်အဆောက်အဦကို သုံးထပ်အဆောက်အဦအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်မှုသမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ပေပုရပိုက်များ ခင်းကျင်းပြသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့် ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည်ဖြစ်သည်။

စာဆိုဗိမာန်အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ အဆိုပါမြေနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စာဆိုဗိမာန်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် သုံးထပ်အဆောက်အဦအဖြစ် တည်ဆောက်သွားမည့် အခြေအနေများ၊ အဆောက်အဦအား စနစ်တကျတည်ဆောက်နိုင်ရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာဆိုဗိမာန်အား အထပ်အလိုက် ပြခန်းများ ခင်းကျင်းပြသသွားမည့်အခြေအနေများနှင့် ယခင်အဆောက်အဦအား စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြင်ဆင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆောက်အဦများအား စနစ်တကျတည်ဆောက်သွားရန်နှင့် ရှေးစာဆိုတော်ကြီးများ၏ ခေတ်အလိုက်ပန်းချီများ၊ ဓာတ်ပုံများ၊ ရုပ်တုများကို ကြိုတင်၍ ရနိုင်သလောက်စုဆောင်းထားရှိရန်လိုကြောင်း၊ ဂီတစာဆိုတော်ကြီးများ၏ မှတ်တမ်းများနှင့် ပတ်သက်၍လည်း ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို ဆောင်ရွက်ရာတွင်လည်း စာပေများဖတ်ရှုနိုင်ရန်အတွက် စာဖတ်ခန်းများကို အဓိကထည့်သွင်း၍ စနစ်တကျဖြင့် ထားရှိသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယခင်စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန်သုံးထပ်အဆောက်အဦ၏ ပထမထပ်တွင် တည်ရှိပြီး ယခုတိုးတက်လာသည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှုအခြေအနေများအရ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသော စာပေဗိမာန်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ အသိဉာဏ်ပညာတိုးပွားစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များ တိုးပွားစေရန် ရည်ရွယ်၍ ယခင်အဆောက်အဦအား ပြန်လည်ပြုပြင်မွမ်းမံ၍ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

ဝ-ဝ-ဝ-ဝ-ဝ



## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၂၄ လမ်းနှင့် ၂၅ လမ်းကြား၊ ၆၅ လမ်းနှင့် ၆၄ လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှ စတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

## မိတ္ထီလာမြို့နယ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ဧက ၅၁၇၈ ဧက စိုက်ပျိုးပြီးစီး

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မိုးနှောင်း ချည်မျှင်ရှည်ဝါ စိုက်ဧက ၇၉၈၆ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားရာမှ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ဧက ၅၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီပြီး အထွက်နှုန်း တိုးတက်လာစေရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း၌ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧက ၇၉၈၆ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး ဇူလိုင်လမှ စတင်၍ စိုက်ပျိုးလျက်ရှိသည်။ ထိုသို့ စိုက်ပျိုးလျက်ရှိရာ မိတ္ထီလာမြို့နယ်အတွင်း မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ဧက ၅၁၇၈ ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် စိုက်ပျိုးရာတွင်လည်း ဒေသနှင့် ကိုက်ညီသည့် ရွှေတောင်-၈၊ ရွှေတောင်-၁၀ နှင့် B-31 ဝါမျိုးများကို စိုက်ပျိုးထားရှိကြောင်း သိရသည်။



အဆိုပါ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧကများအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ အင်းကျေးရွာအုပ်စုနှင့် ရေချိုကျေးရွာအုပ်စုတို့တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ B-31 စိုက်ဧက ၁၀၀ ကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

(၄၆၉)

ဝ-ဝ-ဝ-ဝ-ဝ

## တန်ဖိုးမြင့်စားသောက်ကုန် (Bakery) ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်ပို့ချမည်

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများအား အခြေခံ၍ တန်ဖိုးမြင့်စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့် ညီညွတ်စွာ ထုတ်လုပ်တတ်စေရန်၊ ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်၊ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်လာခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်၍ မိသားစုဝင်ငွေတိုးစေရန် ရည်ရွယ်၍ သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၂ လမ်း၊ ၂၅ လမ်းထောင့်တွင် သင်တန်းကြေး အခမဲ့ဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြများဖြင့် ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် Bakery အမျိုးမျိုး ထုတ်လုပ်နည်းများအား သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်၍ တက်ရောက်လိုသူများ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း ၀၂-၄၀၃၉၆၀၉၊ ၀၉-၉၅၇၄၈၅၉၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

ဝ-ဝ-ဝ-ဝ-ဝ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

❖ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အာဆီယံဒေသအတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပူးပေါင်းဆောင်ရွက်သင့်သည့်အခြေအနေများဆွေးနွေး

❍ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်ကြမည့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အာဆီယံဒေသအတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပူးပေါင်းဆောင်ရွက်သင့်သည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအတွေ့အကြုံများကို အပြန်အလှန်ဖလှယ်နိုင်ရေးကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အာဆီယံရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နိုင်ငံအလိုက် တစ်ဦးချင်းမိတ်ဆက်ကြပြီး အစည်းအဝေးလာရောက်စဉ်နှင့် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်စွာဖြင့် စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အာဆီယံရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

**ကျေးဇူးတင်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို လိုလားကြောင်း၊ ဆက်လက်၍ အာဆီယံအဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မြဲအောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်လာကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယမန်နေ့ နံနက်ပိုင်းက မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးရေး တစ်တပ်တစ်အား အထောက်အကူပြုနိုင်မည့်လေကြောင်းနှင့် အာကာသပညာဆိုင်ရာ အင်ဂျင်နီယာများကို မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)နှင့်အညီ မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ ပြည်သူ့အကျိုးပြု အင်ဂျင်နီယာလူငယ်ကောင်းများ ပေါ်ထွန်းလာရေး ကျောင်းသားများ ဗလငါးတန်နှင့် ပြည့်စုံရေး၊ အင်ဂျင်နီယာပညာဒဿနအမြင်၊ အသိပညာဆန်းစစ်လေ့လာတွေးခေါ်မှု၊ ကျင့်ဝတ်လိုက်နာမှုစသော အင်ဂျင်နီယာ အရည်အချင်းများ ပြည့်ဝစေရေးအတွက် ပျိုးထောင်ပေးရန်၊ သုတေသနကွန်ရက်များကို စနစ်တကျဖွဲ့စည်းကာ နိုင်ငံ့အကျိုးပြု သုတေသန စီမံကိန်းများဖြင့် ရှင်သန်သက်ဝင်နေသော ရပ်ဝန်းကောင်းဖြစ်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ ဝန်ထမ်းများ၏ အခက်အခဲလိုအပ်ချက် တင်ပြမှုများအပေါ် ဖြေရှင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လေကြောင်းနှင့် အာကာသပညာပြခန်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ လူထုအခြေပြု ပရဟိတရန်ပုံငွေ "ယဉ်ကျေးဖလှယ် စုပေါင်းညီညာ၊ ဤကမ္ဘာ" အစီအစဉ်ဖြင့် လှူဒါန်းထားသည့် ကမ္ဘာ့ပထမဆုံး အာကာသယာဉ်မှူးဖြစ်သည့် ယူရီဂါဂါရင် အထိမ်းအမှတ်ရုပ်တုနှင့် Vostoak 1 အာကာသယာဉ်ဆိုင်ရာ ပြသထားမှု၊ ကျောင်းသားများ၏ လေကြောင်းနှင့် အာကာသဆိုင်ရာ သုတေသနများနှင့် အခြားပြသထားမှုများ၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ဘောလုံးကွင်းနှင့် တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ)သို့ ရောက်ရှိပြီး ပထမနှစ် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ Drawing ဘာသာရပ်နှင့် ပထမနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ Building Material and Construction ဘာသာရပ်တို့ကို စိတ်ရှင်လန်းချမ်းမြေ့စွာ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်နှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ (ဝဲပုံ)

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျောင်းအုပ်ကြီး၏ Master Plan ရှင်းလင်းတင်ပြမှုအပေါ် ဇုန်အလိုက် ပြင်ဆင်ဆောင်ရွက်ရန်များကို မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာမေးပွဲဖြေဆိုမှုပြီးစီး၍ ပြန်လည်ထွက်ခွာလာကြသည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဖြေဆိုနိုင်မှုအခြေအနေများကို မေးမြန်းကာ နိုင်ငံတော်ကို အမှန်တကယ် အလုပ်အကျွေး ပြုနိုင်သည့် နည်းပညာရည် ပြည့်ဝသော ပညာရှင် လူငယ်ကောင်းများ ဖြစ်စေရေး ရည်မှန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံမှ ဒုတိယအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ဘရူနိုင်းနိုင်ငံ ယာယီရေတပ်ဦးစီးချုပ် Captain Haji Mohamad Sarif Pudin Bin Matserudin၊ ကမ္ဘောဒီးယား ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Sam Sokha၊ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanthong Bouttavong၊ ဗီယက်နမ်ပြည်သူ့ရေတပ် ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Pham Nhu Xuan၊ ထိုင်းဘုရင့်တပ်မတော်ရေတပ်ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ် Vice Admiral Puchong Pradittheera၊ တော်ဝင်မလေးရှားရေတပ် နိုင်ငံတကာဆက်ဆံရေးဌာနညွှန်ကြားရေးမှူး Captain Mohd Irwan Bin Che Mohd Rani RMN၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားစစ်သံမှူး Captain (Navy) Taufiq Darlem,S.T၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်စစ်သံမှူး Colonel Jose P Navarro JR PA(MNSA) နှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ ရွေးချယ်ထားသည့်ခေါင်းစဉ်မှာ "ငြိမ်းချမ်းကြွယ်ဝသောဒေသဆီသို့တက်ညီလက်ညီ လှော်ခတ်ခြင်း" ဖြစ်ပြီး မိမိတို့၏ တူညီသော ရည်မှန်းချက်အမြင်နှင့် စုပေါင်းစိတ်ဓာတ်ကို အကောင်အထည်ဖော်ရန်ဖြစ်သဖြင့် လက်ရှိအခြေအနေများနှင့် အလွန်လိုက်ဖက်ကြောင်း၊ အာဆီယံဒေသရေပြင်သည် အာဆီယံနိုင်ငံများအတွင်း မှီတင်းနေထိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့် ရပ်ဝန်းဖြစ်သည့်အတွက် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်ပြီး အာဆီယံ ရေပြင်များအတွင်း အခြားပြင်ပစွက်ဖက်မှုများမရှိစေရေး ပိုမိုသတိထားဆောင်ရွက်သင့်ကြောင်း၊ မိမိတို့အာဆီယံ ပင်လယ်ပြင်တွင် ဒေသတွင်းရေကြောင်းဘေးကင်းလုံခြုံမှုနှင့် တည်ငြိမ်ရေးတို့အတွက် အာဆီယံရေတပ်များအကြား အတူတကွ လက်တွဲပြီး ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ASEAN Navy Chief's Meeting) ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)သည် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်လာကြသည့်အာဆီယံရေတပ်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ထံသို့ အာဆီယံရေတပ်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) မှ 18th ASEAN Navy Chief's Meeting အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်





အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များအား နေပြည်တော်လေဆိပ်၌ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်အေးမင်းထွေး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

## (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chief's Meeting (18th ANCM) သို့တက်ရောက်ရန် အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာနိုင်ငံမှ ဒုတိယအကြိမ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chief's Meeting (18th ANCM)သို့တက်ရောက်ရန် ဘရူနိုင်းနိုင်ငံ ယာယီရေတပ်ဦးစီးချုပ် Captain Haji Mohamad Sarif Pudin Bin Matserudin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Sam Sokha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Pham Nhu Xuan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံတပ်မတော်မှ ဒုတိယကြည်းတပ်ဦးစီးချုပ် Major General Vanthong Bouttavong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံရေတပ်မှ Vice Admiral Puchong Pradittheera ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံရေတပ်မှ Captain Taufiq Darlem ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံရေတပ်မှ Captain Mohd Irwan Bin Che Mohd Rani ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဖိလစ်ပိုင်နိုင်ငံရေတပ်မှ Colonel Jose P Navarro ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် အောက်တိုဘာ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြရာ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ် အေးမင်းထွေး၊ တပ်မတော်(ရေ)မှအရာရှိကြီးများနှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ သတင်းစဉ်

❁ ကျောဖုံးမှ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄)ကို ၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရေးပါသည့် ဆုံးဖြတ်ချက်များချမှတ်ခဲ့ကာ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ လုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ကျင်းပရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာစေရန်နှင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်ရေး၊စားသောက်ကုန်များကိုသာမက အခြား လူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ပြီး ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်ရေး၊ ပြည်တွင်းထုတ်လုပ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်သွားနိုင်ရေး၊ အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို အာရုံစိုက်ပြီး စိုက်ပျိုးမှုမှသည် အဆင့်မီအထည်အလိပ်ထုတ်လုပ်ခြင်းအထိ ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ရန်၊ လုပ်ငန်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများက တွန်းအားပေး လုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

ဒေသအလိုက် MSME စီးပွားရေးလုပ်ငန်း၏ GDP ပါဝင်နှုန်း

နိုင်ငံ့စီးပွားမြင့်တင်ရေးအတွက် တိုင်းပြည်၏ အဓိကမောင်းနှင်အားမှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးတွင် MSME သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ဒေသအလိုက် MSME စီးပွားရေးလုပ်ငန်း၏ GDP ပါဝင်နှုန်းကို ကြည့်မည်ဆိုပါက အရှေ့တောင်အာရှနိုင်ငံများတွင် ပျမ်းမျှ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြား၊ အာဆီယံနိုင်ငံများ၏ ၃၉ ရာခိုင်နှုန်းနှင့် OECD နိုင်ငံများတွင် ၄၁ ဒသမ ၅၈ ရာခိုင်နှုန်း ပါဝင်ပြီး အလုပ်အကိုင်ရှာဖွေဖော်ထုတ်ပေးနိုင်မှုအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများ၌ ၆၆ ဒသမ ၈၇ ရာခိုင်နှုန်း၊ အာဆီယံနိုင်ငံများ၌ ၇၂ ဒသမ ၃ ရာခိုင်နှုန်းနှင့် OECD နိုင်ငံ၌ ၆၂ ဒသမ ၂၅ ရာခိုင်နှုန်း ရှိကြောင်း ထုတ်ပြန်ချက်များအရ သိရှိရကြောင်း။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်(၂) ရပ်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး"၊ အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် " တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေး" တို့ကို နိုင်ငံတော်၏ မျှော်မှန်းချက်များအဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ကို ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့် အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ကို စီးပွားရေးဦးတည်ချက် (၃) ချက်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းထုတ်ကုန်အားပေးရေး၊ သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်ရရှိရေးဆိုသည့် အချက် (၃) ချက်ဖြင့် ရည်ရွယ်ပြီး MSME အားပေးမြှင့်တင်ရေးအစီအစဉ်များ ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် MSME စီးပွားရေးလုပ်ငန်း အကောင်အထည်ဖော်မှုတွင် နိုင်ငံ၏ GDP ပါဝင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိသာ ခန့်မှန်းပါဝင်လျက်ရှိနေသေးသဖြင့် GDP ပါဝင်မှုအချိုး တိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် MSME လုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ MSME အေဂျင်စီများက သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်များ၏ အနီးကပ် ဦးဆောင်လမ်းညွှန်မှုဖြင့် စုပေါင်းဆွေးနွေးပြီး နည်းလမ်းများဖော်ထုတ်၍ မိမိတို့၏ OROP မှ တစ်ဆင့် MSME စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်နေကြရမည်ဖြစ်ကြောင်း။

MSME စီးပွားရေးလုပ်ငန်းအပါအဝင် မည်သည့် စီးပွားရေးလုပ်ငန်းမျိုးမဆို အခြေခံလိုအပ်ချက်မှာ နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ကုန်ကြမ်း၊စက်ပစ္စည်းနှင့် မြေနေရာလိုအပ်ချက်တို့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေး လုပ်ငန်း အကောင်အထည်ဖော်ရမည့် အထူးစီးပွားရေးဇုန်များ၊ ပြည်တွင်းစက်မှုဇုန်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ(၂၀၂၄)နှင့် နည်းဥပဒေ(၂၀၁၅) တို့နှင့် စက်မှုဝန်ကြီးဌာန စက်မှုဇုန်နည်းဥပဒေများ (၂၀၂၃) တို့ကို ထုတ်ပြန်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဥပဒေ၊ နည်းဥပဒေများပါ အချက်အလက်များသည် မြေနေရာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရှာဖွေရရှိမှုတို့အတွက် များစွာအထောက်အကူပြုစေမည့် လမ်းညွှန်ချက်များ၊ နည်းပညာရရှိရေးနှင့် သင်ယူလေ့လာနိုင်ရန် ကျွမ်းကျင်လုပ်သားများ၊ အခြေခံလုပ်သားများ လိုအပ်ချက်ရရှိရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများပါရှိပြီး ယင်းနည်းလမ်းများ ရရှိနိုင်ရေး လမ်းညွှန်မှုပေးမည့် ဌာနဆိုင်ရာများကလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အေဂျင်စီများက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တိုက်တွန်းလိုကြောင်း။

MSME စီးပွားရေးလုပ်ငန်းအတွက် သင်တန်းများကို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်

ယနေ့အထိ နိုင်ငံတစ်ဝန်း MSME များကို အားဖြည့်ပေးနေသည့် စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်၊ စက်မှုရပ်ကွက်များ တည်ရှိမှုကို ကြည့်မည်ဆိုပါက နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ ၁၀၂ ခု၊ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ ၄၇၁၁၉ ခု၊ စက်မှုဇုန်၊ စက်မှုရပ်ကွက် ၃၃ ခု၊ အထူးစီးပွားရေးဇုန် (၃) ခုအပါအဝင် ရေနက်ဆိပ်ကမ်း (၂) ခု လျာထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က KG+9 အောင်မြင်ပြီးသူများကို Vocational Training ပေးပြီး အခြေခံလုပ်သားဘဝမှ ကျွမ်းကျင်လုပ်သားဖြစ်စေရေး၊ သာမန်အတန်းပညာတက်မြောက်သူနှင့် လုံးဝစာမတတ်မြောက်သူများကိုလည်း လက်တွေ့နယ်ပယ်အလိုက် အသုံးပြုကြရမည့်အခြေခံလုပ်သား၊ ကျွမ်းကျင်လုပ်သားများဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးရမည်ကို လမ်းညွှန်မှာကြားထားကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန ၁၀ ခုမှ ကာလတို၊ ကာလရှည်သင်တန်း ၂၆၀ ခုရှိရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ သင်တန်းအမျိုးအစားပေါင်း ၃၈၇ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်လှစ်ပြီးအကြိမ်အရေ (၅၅၁၂) ကြိမ်၊ တက်ရောက်ပြီးသင်တန်းသား သင်တန်းသူ စုစုပေါင်းဦးရေ ၁၇၁၁၈ ဦး၊ တက်ရောက်ဆဲ သင်တန်းသား သင်တန်းသူ စုစုပေါင်းဦးရေ ၈၇၅ ဦး ရှိပြီးဖြစ်ကြောင်း၊ ယင်းသင်တန်းများကို အနာဂတ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနေမည်ဖြစ်သကဲ့သို့ စက်မှုဝန်ကြီးဌာန၏ Website တွင်လည်း MSME ခေါင်းစဉ် Link ဖြင့် ဝန်ကြီးဌာနများမှ MSME စီးပွားရေးလုပ်ငန်းအတွက် လေ့ကျင့်သင်ကြားပေးနိုင်သော သင်တန်းများကို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း။

MSME စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာအောင်မြင်ဖြစ်ထွန်းလာစေရေး အားပေးမြှင့်တင်မှုမူဘောင်နှင့် စပ်လျဉ်း၍ MSME စီးပွားရေးလုပ်ငန်းများ လျင်မြင်စွာအောင်မြင်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကိုယ်စားဖွဲ့စည်းပေးထားသည့် လုပ်ငန်းကော်မတီ၏ယန္တရားသည် မြန်ဆန်မှန်ကန်သောအုပ်ချုပ်မှုပုံစံ(Efficient Governance) ဖြစ်ရန်လိုအပ်ပြီး မြန်ဆန်မှန်ကန်သော အုပ်ချုပ်မှုပုံစံ (E.G) က လက်တွေ့နယ်ပယ်လိုအပ်ချက်များကို အခြေခံပြီး စနစ်တကျရွေးချယ်အထောက်အကူပြုဆောင်ရွက်ပေးခြင်း(Selective Intervention) နှင့် ဈေးကွက်တုံ့ပြန်မှုနှင့် လုပ်ငန်းဖော်ဆောင်မှု အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးခြင်း (Adaptive Service Provision) စသည့် စံနှုန်းသတ်မှတ်ချက်ထားရှိ၍ MSME လုပ်ငန်းကို အထောက်အကူပြုပေးရမည်ဖြစ်ကြောင်း။

မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်

လုပ်ငန်းကော်မတီအနေဖြင့် Agency အလိုက် ဘက်စုံကဏ္ဍစုံဖြည့်ဆည်းပေးရန် ယေဘုယျမှန်ကန်သော်လည်း လူသားအရင်းအမြစ်နှင့် ငွေကြေးအပါအဝင် သွင်းအားစုများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ အဓိကသွင်းအားစုများကို မှန်ကန်သော နေရာများတွင် မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်ကိုလည်း ပြည်တွင်းပြည်ပ ဈေးကွက်သုတေသနများ MSME လုပ်ငန်းများအလိုက် စစ်တမ်းများကို စနစ်တကျအသုံးချပြီး လုပ်ငန်းမြှင့်တင်ရန်ကိစ္စ၊ ဝန်ဆောင်မှုပေးရန်ကိစ္စနှင့် လိုအပ်ချက်အရ လမ်းညွှန်တည့်မတ်ပေးရန် စသည့်ယန္တရားများကို Agency များက မှန်ကန်စွာရွေးချယ်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စီးပွားရေးကဏ္ဍ၏ အခြေအနေအရပ်ရပ်သည် အမြဲတစေ အပြောင်းအလဲမြန်ဆန်ပြီး ကြိုတင်ခန့်မှန်းရန်ခက်ခဲခြင်း၊ နေရာဒေသနှင့် အချိန်ကာလပေါ်မူတည်ပြီး ပြောင်းလဲနိုင်ခြင်းတို့ကြောင့် Agency များကလည်း ပြောင်းလဲဖြစ်ပေါ်တတ်သည့်ဈေးကွက်တုံ့ပြန်မှုအရ အလားအလာရှိသောလုပ်ငန်းများ၌ ကြုံတွေ့ရသည့်အခက်အခဲများကို လိုအပ်သလို ပြောင်းလွယ်ပြင်လွယ် ကူညီလမ်းညွှန်ပေးနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

Selective Intervention နှင့် Adaptive Service Provision ၏ အဓိကလိုအပ်ချက်မှာ သတင်းအချက်အလက်များ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရယူအသုံးပြုနိုင်ခြင်းကလည်း အရေးကြီးပြီး ရနိုင်သည့် သတင်းအချက်အလက်များအား လုပ်ငန်းကော်မတီယန္တရားမှ ဖွဲ့စည်းပေးထားသည့် စစ်တမ်းကောက်ယူခြင်းနှင့် သုတေသနပြုလုပ်သည့်လုပ်ငန်းခွဲနှင့် စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းခွဲများကို အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းခွဲများ၏ အရည်အချင်းနှင့် လုပ်နိုင်စွမ်းအားကို လိုအပ်ချက်များနှင့်အညီ ကိုက်ညီအောင်လေ့ကျင့်သင်ကြားမှုများဖြင့် စနစ်တကျ မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားမှုတွင် မိမိတို့ ယန္တရား၏ လိုအပ်ချက်အရ လေ့ကျင့်ပေးရမည့်မွမ်းမံသင်တန်းများရှိသကဲ့သို့ MSME လုပ်ငန်းများ လက်တွေ့လုပ်ကိုင်နေသောစက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများမှ

စာမျက်နှာ ၆ သို့

❑ **မိမိတို့နိုင်ငံအနေဖြင့် MSME စီးပွားရေးလုပ်ငန်းအကောင်အထည်ဖော်မှုတွင် နိုင်ငံ၏ GDP ပါဝင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိသာ ခန့်မှန်းပါဝင်လျက်ရှိနေသေးသဖြင့် GDP ပါဝင်မှုအချိုး တိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် MSME လုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ MSME အေဂျင်စီများက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဝန်ကြီးချုပ်များ၏ အနီးကပ်ဦးဆောင်လမ်းညွှန်မှုဖြင့် စုပေါင်းဆွေးနွေးပြီး နည်းလမ်းများဖော်ထုတ်၍ မိမိတို့၏ OROP မှ တစ်ဆင့် MSME စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်နေကြရမည်ဖြစ်**

❑ **MSME စီးပွားရေးလုပ်ငန်းအပါအဝင် မည်သည့် စီးပွားရေးလုပ်ငန်းမျိုးမဆို အခြေခံလိုအပ်ချက်မှာ နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာလိုအပ်ချက်တို့ပင်ဖြစ်၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်း အကောင်အထည်ဖော်ရမည့် အထူးစီးပွားရေးဇုန်များ၊ ပြည်တွင်းစက်မှုဇုန်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ (၂၀၂၄)နှင့် နည်းဥပဒေ(၂၀၁၅) တို့နှင့် စက်မှုဝန်ကြီးဌာန စက်မှုဇုန်နည်းဥပဒေများ(၂၀၂၃)တို့ကို ထုတ်ပြန်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ ၅ မှ

အခြေခံနှင့်ကျွမ်းကျင်လုပ်သားများတွင် လိုအပ်သည့် လုပ်ငန်းနှင့်ကိုက်ညီမည့် သင်တန်းများကိုလည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ထို့ပြင် ယခင်လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်ထောင်စုအဆင့် MSMEs အားပေးမြှင့်တင်ရေး အစီအစဉ်ရေးဆွဲထားရှိရန်လိုအပ်ပြီး OROP နှင့်ပတ်သက်၍ အမြဲလေ့လာသုံးသပ်နေရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် "ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ" ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးပေးစေလိုကြောင်း။

MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကာ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသူများအားလုံးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီချိတ်ဆက်ဆောင်ရွက်ပေးရမည့်အချက်များကို လက်တွေ့ကျကျ ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

**◆ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကာ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်လို**

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာချာလီသန်းတို့က နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် ဝါချည်ထည်နှင့် ဆီထွက်သီးနှံလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒနှင့်အညီ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာအချက်အလက်များ၊ ငွေကြေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံတန်ဖိုးမြှင့် ထုတ်ကုန်များနှင့် OROP လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆွေးနွေးတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့်အသင်းအဖွဲ့များမှ ပညာရှင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲများတွင် MSMEs ထုတ်ကုန်များ ပါဝင်ပြသခဲ့မှု၊ သက်မွေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်း ပြည်ပဈေးကွက်သုတေသနလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ မူဘောင်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နဝင်းချောင်းတံတား(အဆုံ) ၄ လမ်းသွား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းခွင်နှင့် ဆင်သေချောင်းတံတား(သိုက်ချောင်း) ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံ)အား မူလ ၂ လမ်းသွားမှ ၄ လမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



ထို့နောက် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းနေရာ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ကုန်တင်ယာဉ်များ စနစ်တကျဖြတ်သန်းသွားလာရန် ခွင့်ပြုထားမှုနှင့် အခိုင်အမာပြင်ဆင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်၊ ယခင် မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရန်နှင့် ခရီးသည်ယာဉ်၊ ကုန်တင်ယာဉ်ကြီးများ အန္တရာယ်ကင်းစွာ မောင်းနှင်အသုံးပြုနိုင်ရေး ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ကင်းသာလမ်းဆုံသို့ ရောက်ရှိပြီး ရေတိုက်စား၍ ပျက်စီးခဲ့သည့် နေရာများတွင် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းပြီး မြေဖို့ခင်းကြိတ် ဆောင်ရွက်နေမှု၊ လမ်းနယ်နေရာ၌ မြေထိန်းနံရံအနိမ့် (Toe Wall) များ အသစ်ဆောင်ရွက်နေမှု၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုနှင့် လမ်းပခုံးအမာခံရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆင်သေချောင်းတံတား (ပုပ္ပားကုန်း) သို့ ရောက်ရှိပြီး ပြင်ဆင်ပေးထားသည့် တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်း ကြံ့ခိုင်မှုအခြေအနေ၊ တံတားအောက်၌ ဆင်သေချောင်းရေ ဖြတ်သန်းစီးဆင်းမှုကြောင့် တံတားပျက်စီးမှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားမှုနှင့် တံတားထိပ်ခုံအောက်ခြေကို ရေထပ်မံတိုက်စားခြင်းမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်ကို ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား (သိုက်ချောင်း) သို့ ရောက်ရှိပြီး တံတားရေလယ်တိုင် နိမ့်ကျသွားသည့်အပိုင်းကို အဆင့်ဆင့်ပြုပြင်ဆောင်ရွက်နေမှု၊ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းအား အခိုင်အမာ တည်ဆောက်နေမှုအခြေအနေတို့ကို စစ်ဆေးမေးမြန်းကာ လွန်းထိုးခြင်း (Launching)နည်းစနစ်ဖြင့် ရေလယ်တိုင်နိမ့်ကျသည့် အပိုင်းကို ပြန်လည်ပြုပြင်နေမှု၊ အခိုင်အမာ ချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးပါက ယာယီဘေလီတံတားများကို ဖြုတ်သိမ်းမည့်အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး(လမ်းဟောင်း) သိုက်ချောင်း- အေလာလမ်းအပိုင်း၌ လမ်းမျက်နှာပြင်မညီညာခြင်း၊ လှိုင်းထနေခြင်းများအား အပိုင်းလိုက် စနစ်တကျပြင်ဆင်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကြံ့ခိုင်စွမ်းရည်(၅)မျိုးစစ်ဆေး သက်တမ်းအလိုက် ဆုများချီးမြှင့်




**မန္တလေး အောက်တိုဘာ ၁၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်(၅)မျိုး စစ်ဆေးခြင်းမှ သက်တမ်းအလိုက် ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ခြင်းကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီက စားရိပ်သာတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး သက်တမ်းအလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် သင်တန်းသား၊သင်တန်းသူများကို ဆုများချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းမှူး၊ ဒုတိယသင်တန်းမှူး၊ အိပ်ဆောင်အလိုက် အကောင်းဆုံးအမျိုးသား၊ အမျိုးသမီး အိပ်ဆောင်မှူးတို့အား ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

(ဝဲပုံ)

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၀၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄ ခု၊ ငွေ ၄၇ ခု၊ ကြေး ၈၀ ခု စုစုပေါင်း ဆုတံဆိပ် ၁၆၁ ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

(ဝ၄၅)

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အကြိုဂုဏ်ပြု အင်ဂျင်နီယာပွဲတော် အခမ်းအနား မန္တလေးနည်းပညာတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ





**မန္တလေး အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အကြိုဂုဏ်ပြု အင်ဂျင်နီယာပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးနည်းပညာတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ နည်းပညာသိပ္ပံနှင့်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ(ဌာနမှူး)များနှင့် ဆရာ၊ ဆရာမများ၊ သုတေသနစာတမ်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပထမပိုင်းအခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ စုဝေးခန်းမတွင်ကျင်းပရာ မန္တလေးနည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော်အသစ်ရဲ့ ခွန်အားအသစ်သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုဂုဏ်ပြု အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် သိပ္ပံနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ၊ နည်းပညာပြပွဲနှင့် Science Battle ပြိုင်ပွဲများ ကျင်းပပြီး မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့်ကို ကြိုဆိုဂုဏ်ပြုနိုင်ခြင်းသည် မန္တလေးနည်းပညာတက္ကသိုလ်၏ အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ စာတမ်းဖတ်ပွဲတွင် ဘာသာရပ် ၁၀ ခုမှ တင်သွင်းသောစာတမ်းအရေအတွက် ၄၉ စောင်အပြင် အခြားနည်းပညာတက္ကသိုလ်များမှ တင်သွင်းလာသော စာတမ်းများ၊ နည်းပညာပြပွဲများ၊ နည်းပညာအမျိုးအစား ၇၈ ခု ခင်းကျင်းပြသမှု၊ လူငယ်သိပ္ပံပညာရှင်များ၏ သုတေသနဆိုင်ရာဆွေးနွေးပွဲများနှင့် စာဖတ်အားမြှင့်တင်ရေး လူငယ်စာပေစကားဝိုင်းများလည်းပါဝင်သည်ဟု သိရပါကြောင်း၊ နည်းပညာကဏ္ဍဖြင့် တက္ကသိုလ် တစ်ခုနှင့်တစ်ခုအကြား စည်းလုံးညီညွတ်မှုနှင့် ချစ်ခင်ရင်းနှီးမှုတို့ကို ပြသနေခြင်းဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် တည်ဆောက်ရာတွင် ပညာရေးကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍ၌ ပါဝင်ကြောင်း၊ သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်၊ နည်းပညာရပ်များ ပေါ်ပေါက်လာစေရန်နှင့် အင်ဂျင်နီယာစွမ်းအားဖြင့် အနာဂတ်ကောင်းများကို ပူးပေါင်းမြှင့်တင်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဂုဏ်ပြုစကားများကိုလည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြင့်နှင့် ပါမောက္ခချုပ် ဒေါက်တာသိန်းတန်တို့က ဂုဏ်ပြုအမှတ်တရစကားများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ဆောင်ရွက်ချက်များ၊ ဒေသအကျိုးပြုဆောင်ရွက်ချက်များ၊ MTU Engineering Festival, 2024 အကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် ၁၀၀ ပြည့် အကြိုဂုဏ်ပြု အင်ဂျင်နီယာပွဲတော်တွင် ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများချီးမြှင့်ပြီး နည်းပညာအမျိုးအစားအလိုက် ပြသထားသည့်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အခမ်းအနားဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၇



















# မန္တလေးရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သည့် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးရတနာပုံ မြို့တည်နန်းတည်ပဉ္စမသင်္ဂါယနာတင်ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အရှေ့ဘက်မုခ်ဦးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ ဦးကျော်ဝင်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တော်ကြီးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်း၍ မာရ်ကြွေးတော်ပြေဘုရား၊ ရန်ကြွေးတော်ပြေဘုရား၊ ဝဋ်ကြွေးတော်ပြေဘုရားများကို လှည့်လည်ဖူးမြော်ကြည်ညိုပြီး မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သော အဓိဋ္ဌာန်အောင် လိုတရသပိတ်တော်ကြီးနှင့် ဘုရားပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၏(၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို အောက်တိုဘာ ၂၀ရက် (သီတင်းကျွတ်လပြည့်ကျော် ၃ ရက်)နေ့ နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး သာသနာတော်နှစ် ၂၅၆၈ ကို အမှူးထား၍ မန္တလေးမြို့လေးပြင်လေးရပ်မှ ပင့်သံဃာ ၂၅၆၈ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းနှင့်တကွ ဒါတပွဝတ္ထုအစုစုတို့ဖြင့် လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀





သတင်း-စာမျက်နှာ ၇



# ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သည့် သီးနှံစိုက်ကေများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စပါးမျိုးစေ့များ ထောက်ပံ့

**လယ်ဝေး အောက်တိုဘာ ၁၀**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီး သီးနှံစိုက်ဧကများအား အစားထိုးပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများနှင့်တွေ့ဆုံပွဲကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အင်ပင်ကျေးရွာအုပ်စု၊ ညောင်ပင်အိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမွေ့ရုံတွင် ကျင်းပခဲ့သည်။

ထိုတွေ့ဆုံပွဲတွင် လယ်ဝေးခရိုင်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုက ရေနစ်မြုပ်သည့် လယ်ယာမြေများ အမြန်ဆုံးပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ရာသီနှင့်အညီ စိုက်ပျိုးကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင် ဦးဝင်းအောင်က ရာဂီမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သော မိုးစပါးစိုက်ဧကများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် ရက် ၉၀ စပါးမျိုး ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ သွင်းအားစုများလည်း ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း၊ မတ် ၁၅ ရက်မှစတင်၍ ရေပေးဝေမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ဧကများအတွက် မျိုးစပါးများကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဂျပန်ကြားဖြတ်ရွေးကောက်ပွဲ မစတင်မီ ကြိုတင်၍ ပါလီမန်ကို ဝန်ကြီးချုပ် အိရှိဘာ ဖျက်သိမ်းလိုက်ပြီ

**တိုကျို အောက်တိုဘာ ၁၀**

ဂျပန်ကြားဖြတ်ရွေးကောက်ပွဲ မစတင်မီ ကြိုတင်၍ အောက်တိုဘာ ၉ ရက်က ပါလီမန်ကို ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဧကရာဇ်တံဆိပ်တုံးထုပြီး လက်မှတ်ရေးထိုးခွင့်ပြုထားသော အမိန့်ပြန်တမ်းအရ ပါလီမန်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ပါလီမန်ဥက္ကဋ္ဌက ထုတ်ဖော်ကြေညာရာ ပါလီမန်အမတ်များက ဂျပန်ထုံးစံအတိုင်း အောင်ပြီဟု ကြွေးကြော်ကာ ဖျက်သိမ်းမှုအထမြောက်ခဲ့သည်။

အောက်တိုဘာ ၂၇ ရက် တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဟု ၎င်း အတည်ပြုကြေညာခဲ့ပြီးဖြစ်ရာ ရွေးကောက်ပွဲမတိုင်မီ ပါလီမန်အမတ်ဟောင်းများ ပြန်လည်ယှဉ်ပြိုင်အရွေးခံရာ၌ ပြင်ဆင်ချိန်ရမည် ဖြစ်သည်။

အယ်လ်ဒီပီပါတီအတွင်း အကျင့်ပျက်ခြစားမှုကင်းအောင် ပြုပြင်ပြောင်းလဲမည်။ အမျိုးသားလုံခြုံရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားမည်ဟူ၍ ရွေးကောက်ပွဲကတိကဝတ်ပြုခဲ့သော အသက် ၆၇ နှစ်အရွယ် ဝန်ကြီးချုပ် အိရှိဘာကို မိတ်ဖက်နိုင်ငံရေးအင်အားစုများရော အတိုက်အခံများကပါ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **Mon**



အင်အားပြင်း မီလ်တန်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်လာပြီဖြစ်သဖြင့် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းရိုးတန်းဒေသမှ ရှောင်တိမ်းသွားကြသည့် ဒေသခံမိသားစုဝင်များ၏ ကားများကို အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။ **Mon**

## ၁၈ နှစ်အရွယ် နီပေါတောင်တက်လမ်းပြ နီမာရင်ဂျီ အသက်အငယ်ဆုံး တောင်တက်အများဆုံးစံချိန်တင်

**ခတ္တမန္ဒူ အောက်တိုဘာ ၁၀**

၁၈ နှစ်အရွယ် နီပေါတောင်တက်လမ်းပြ နီမာရင်ဂျီ အသက်အငယ်ဆုံး တောင်တက်အများဆုံး စံချိန်တင်နိုင်ခဲ့ပြီဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ တောင်တက်အာကစားအဖွဲ့ချုပ်က အောက်တိုဘာ ၉ ရက်တွင် အတည်ပြုကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။




တရုတ်နိုင်ငံ တိဘက်ဒေသရှိ ရှီရှာပန်းမာတောင်ထိပ်သို့ ၎င်းအောင်မြင်စွာတက်ရောက်နိုင်ခဲ့ပြီးနောက် ယင်းကဲ့သို့ အတည်ပြုကြေညာလိုက်ခြင်း ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၈၀၀၀ ကျော်မြင့်သော ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ် ၁၄ ခုကို နီမာရင်ဂျီ တက်ရောက်နိုင်ခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာ တောင်တက်အားကစားအဖွဲ့ချုပ်က ၎င်းကို ထိုသို့အသိအမှတ်ပြုခဲ့ခြင်း ဖြစ်သည်။

အသက် ၁၆ နှစ်အရွယ် ၁၀တန်းစာမေးပွဲဖြေပြီးကတည်းက ကမ္ဘာ့အမြင့်ဆုံးတောင်များကို တက်ခဲ့သော နီမာရင်ဂျီသည် ရက်ပေါင်း ၇၄၀ အတွင်း ကျန်တောင်ထိပ်များအားလုံးကို တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခင်စံချိန်ရှင်မှာ နီပေါတောင်တက်လမ်းပြ မင်ဂမာဂယာဘူဒေးဇစ်ဖြစ်ပြီး အသက် ၃၀ အရွယ်ရောက်မှ ထိုစံချိန်ကို တင်နိုင်ခဲ့ကြောင်း သိရသည်။ **Mon**

## နှစ်ပေါင်း ၅၀ အတွင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ဦးရေ ၇၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်ဟု ဆို



**ဝါရှင်တန် အောက်တိုဘာ ၁၀**

နှစ်ပေါင်း ၅၀ အတွင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ဦးရေ ၇၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်ဟု ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့က အတည်ပြုကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက်ရှင်နေသော ဂြိုဟ်အညွှန်းကိန်းအဖွဲ့အစည်း၏ စစ်တမ်းရလဒ်အပေါ်တွင် အခြေခံပြီး ထိုသို့အတည်ပြုနိုင်ခြင်း ဖြစ်ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့ ဗြိတိန်ရုံးခွဲအကြီးအကဲက ရှင်းလင်းပြောကြားသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ပျက်စီးရာမှ တောရိုင်းတိရစ္ဆာန်များ အကောင်ရေလျော့နည်းလာရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## တာတာကုမ္ပဏီအုပ်စု၏ပဲ့ကိုင်ရှင် ရာတန်တာတာ အသက် ၈၆ နှစ်အရွယ်တွင် ဆေးရုံ၌ ကွယ်လွန်

**ဒေလီ အောက်တိုဘာ ၁၀**

အိန္ဒိယအခြေစိုက် ကမ္ဘာကျော် တာတာကုမ္ပဏီအုပ်စု၏ ပဲ့ကိုင်ရှင် ရာတန်တာတာသည် အသက် ၈၆ နှစ်အရွယ်တွင် မွမ်ဘိုင်းမြို့ရှိ ဘရိချ်ကန်ဒီဆေးရုံ၌ အောက်တိုဘာ ၉ ရက် ညပိုင်းက ကွယ်လွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်း ကွယ်လွန်ချိန်တွင် တာတာကုမ္ပဏီအုပ်စုထဲ၌ ကုမ္ပဏီပေါင်း ၁၀၀ ကျော်ရှိပြီး ဝန်ထမ်းပေါင်း ၆၆၀၀၀၀ ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်၊

၁၉၃၇ ခုနှစ်တွင် မွေးဖွားခဲ့သည့် ရာတန်တာတာသည် အရွယ်ရောက်လာသောအခါ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ပညာသင်ယူကာ ကော်နဲလ်တက္ကသိုလ်မှ ဗိသုကာပညာဖြင့် ဘွဲ့ရခဲ့သည်။

အိန္ဒိယနိုင်ငံသို့ ပြန်ရောက်လာသော ၁၉၆၂ ခုနှစ်တွင် နာမကျန်းဖြစ်နေသော အဖွား၏ တိုက်တွန်းမှုအရ မိသားစုပိုင်သံမဏိလုပ်ငန်းထဲသို့ ၎င်း စတင်ဝင်ရောက်ခဲ့သည်။

တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်းပေါင်း တစ်သိန်း ဝင်ငွေရနေသော တာတာကုမ္ပဏီအုပ်စု ကြီးထွားလာခြင်းသည် ပုဂ္ဂလိကအကျိုးအမြတ်ရရေးထက် ပရဟိတစိတ်ဓာတ်မွေးမြူခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ **Mon**





## ဟစ်ဇဘိုလာတို့ ပစ်ခတ်သော ဒုံးလက်နက်များကြောင့် အစ္စရေးနိုင်ငံမြောက်ပိုင်း၌ အရပ်သားနှစ်ဦး သေဆုံး

**ဂျေရုဆလင် အောက်တိုဘာ ၁၀**

လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာပြောက်ကျားများဘက်က ပစ်ခတ်သော ဒုံးလက်နက်များကြောင့် အစ္စရေးနိုင်ငံမြောက်ပိုင်း၌ အရပ်သားနှစ်ဦး သေဆုံးခဲ့သည်ဟု အောက်တိုဘာ ၉ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လက်ဘနွန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ကီယတ်ရှမိုနာမြို့တစ်နေရာပေါ်သို့ ဒုံးလက်နက်အပိုင်းအစများ ပြုတ်ကျရာမှ မီးလောင်မှုဖြစ်ပွားကာ အသက် ၄၀ ကျော်အရွယ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ဟစ်ဇဘိုလာတို့က ဒုံးလက်နက်အစင်းရေ ၁၅၀ ကျော်ဖြင့် ပစ်ခတ်ခဲ့သော်လည်း အစ္စရေးတပ်မတော်တပ်ဆင်ထားသော ဒုံးလက်နက်ကာကွယ်ရေးစနစ်များက ယင်းဒုံးလက်နက်များကို ဖြိုခွင်းဖျက်ချနိုင်ခဲ့ကြောင်း အစ္စရေးဘက်က သတင်းထုတ်ပြန်သည်။

ထိုသို့ဖျက်ချရာမှ ဒုံးလက်နက်အပိုင်းအစများ အစ္စရေးနိုင်ငံမြောက်ပိုင်း အခြားလူနေရပ်ကွက်များထဲသို့လည်း ပြုတ်ကျခဲ့သည်။

အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်ဘက်မှ လူလေးဦးထက်မနည်း သေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **Mon**

## ဗလင်စီယာဘောလုံးအသင်းပိုင်ရှင်ကို ဆန္ဒပြသူနှင့် ဇနီး စင်ကာပူနိုင်ငံတွင် တရားဥပဒေအရ ထိန်းသိမ်းခံထားရ

**စင်ကာပူ အောက်တိုဘာ ၁၀**

ဗလင်စီယာဘောလုံးအသင်းပိုင်ရှင်ကို ဆန္ဒပြသူနှင့် ဇနီး စင်ကာပူနိုင်ငံတွင် တရားဥပဒေအရ ထိန်းသိမ်းခံထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒါနီကူယေစတာဆိုသူနှင့် ဇနီးဖြစ်သူ မီရေယာဆက်ဇ်တို့ နှစ်ဦးသည် အဆိုပါဘောလုံးအသင်းပိုင်ရှင် စင်ကာပူနိုင်ငံသား သန်းကြွယ်သူဌေး ပီတာလင်မ်၏ အိမ်ရှေ့တွင် မကြာသေးမီက ဆန္ဒပြကာ ဓာတ်ပုံရိုက်ပြီး အင်တာနက်လူမှုကွန်ရက်ပေါ်သို့ လွှင့်တင်ခဲ့သည်။




စပိန်နိုင်ငံမှ ကမ္ဘာကျော် ဗလင်စီယာဘောလုံးအသင်းကို ပီတာလင်မ်က ပထမဆုံး နိုင်ငံခြားသားပိုင်ရှင်အဖြစ် ဝယ်ယူခဲ့သည်ကို ဒါနီကူယေစတာတို့ ဇနီးမောင်နှံက မကျေနပ်သဖြင့် ထိုသို့ ကန့်ကွက်ဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

STOP AIDS



# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Ningbo Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၁၄ရက်တွင် စတင်မည်

**ပေကျင်း အောက်တိုဘာ ၁၀**

တရုတ်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Ningbo Open တင်းနစ်ပြိုင်ပွဲ လာမည့် အောက်တိုဘာ ၁၄ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Ningbo Open တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ရက်မှ ၂၁ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 Ningbo Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။



Ningbo Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ တူနီးရှားတင်းနစ်မယ် Ons Jabeur ဖြစ်သည်။ **(အပေါ်ပုံ)**(NGB)

## ပေါ့ဂ်ဘာအား ခေါ်ယူရန် မာဆေးလ်အသင်း စီစဉ်

**ပါရီ အောက်တိုဘာ ၁၀**



မာဆေးလ်အသင်းသည် ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲဖွယ်ရှိသည့် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကိုယ်တိုင်ကလည်း မာဆေးလ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မာဆေးလ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲဖွယ်ရှိနေသော ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)**(NGB)



## ရက်ဘူးလ်ရဲ့ ကမ္ဘာလုံးဆိုင်ရာဘောလုံးအကြီးအကဲအဖြစ် ယာဂန်ကလော့ပ်ခန့်အပ်ခြင်းခံရ

**လန်ဒန် အောက်တိုဘာ ၁၀**

လီဗာပူးအသင်းနည်းပြဟောင်း ယာဂန်ကလော့ပ်သည် ရက်ဘူးလ်ရဲ့ ကမ္ဘာလုံးဆိုင်ရာ ဘောလုံးအကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ရက်ဘူးလ်သည် ဂျာမနီမှ ရက်ဘူးလ်လိုက်ဇစ်၊ ဩစတြီးယားမှ ရက်ဘူးလ်ဆဲလ်ဘတ်၊ အမေရိကန်မေဂျာလိဂ်ကလပ် နယူးယောက်ရက်ဘူးလ်အပြင် ဘရာဇီးကလပ် ရက်ဘူးလ်ဘရာဂန်တီနို စသည့် အသင်းများကို ပိုင်ဆိုင်ထားသည်။

နည်းပြ ယာဂန်ကလော့ပ်သည် ရက်ဘူးလ်ဘောလုံးရဲ့ ကမ္ဘာ့လုံးဆိုင်ရာအကြီးအကဲတာဝန်ကို လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တာဝန်ယူသွားမည်ဖြစ်သည်။


အသက်(၅၇)နှစ်အရွယ်ရှိ ယာဂန်ကလော့ပ်က "အခုလို ရက်ဘူးလ်ရဲ့ ကမ္ဘာလုံးဆိုင်ရာဘောလုံးအကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီလိုစီမံကိန်းမျိုးမှာ ပါဝင်ကစားခွင့်ရလို့လည်း အရမ်းစိတ်လှုပ်ရှားမိပါတယ်" ဟု ပြောသည်။

**(အပေါ်ပုံ)**
(NGB)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## အယ်လစ်ဆန် တံကောက်ကြောဒဏ်ရာကြောင့် ဖေဖော်ဝါရီ အနားယူရမည်

**လန်ဒန် အောက်တိုဘာ ၁၀**



လီဗာပူးအသင်း ဂိုးသမား အယ်လစ်ဆန် တံကောက်ကြောဒဏ်ရာကြောင့် ဖေဖော်ဝါရီထိ အနားယူရမည်ဖြစ်သည်။

အဆိုပါ ဂိုးသမားသည် လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။


ဂိုးသမား အယ်လစ်ဆန် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဂိုးသမား အယ်လစ်ဆန်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၁ ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသည်။ **(အပေါ်ပုံ)**
(NGB)

## လီနီယိုရို ဒဏ်ရာမှ သက်သာလာခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိ

**မန်ချက်စတာ အောက်တိုဘာ ၁၀**

မန်ချက်စတာယူနိုက်တက်အသင်းနောက်ခံကစားသမား လီနီယိုရို ခြေထောက်ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေပြီဖြစ်သည်။



အဆိုပါ နောက်ခံကစားသမားသည် အသင်းနှင့်အတူ ရာသီကြိုခြေစမ်းပွဲစဉ်များ ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ကာ အနားယူနေရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာလာကာ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနိုင်ပြီဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းထုတ်ပြန်ချက်တွင် "လီနီယိုရိုအသင်းနဲ့ လေ့ကျင့်ခန်းဆင်းနေပါပြီ။ သူ့ဒဏ်ရာသက်သာလာလို့လည်း အသင်းအတွက် အားတက်စရာဖြစ်ခဲ့ပါတယ်။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ)**
(NGB)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ကိုလိုမူအာနီ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၇၀အထိ ပီအက်စ်ဂျီအသင်းအလိုရှိ

**ပါရီ အောက်တိုဘာ ၁၀**

ပီအက်စ်ဂျီအသင်းသည် အသင်းတိုက်စစ်မှူး ကိုလိုမူအာနီ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၇၀အထိ အလိုရှိနေသည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ပီအက်စ်ဂျီအသင်းကလည်း ကိုလိုမူအာနီအတွက် ၄င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းသတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ကိုလိုမူအာနီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)**
(NGB)



### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ် - ၃ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|---|---|
| ၁၁-၁၀-၂၀၂၄ သောကြာနေ့ | ည၁၀း၃၀ နာရီ | C | ၁ | အက်စ်တိုးနီးယား - အဇာဘိုင်ဂျန် | အက်စ်တိုးနီးယား ၀-၂ အဇာဘိုင်ဂျန် |
| ၁၂-၁၀-၂၀၂၄ စနေနေ့ | နံနက်၀၁း၁၅ နာရီ | A | ၃ | ဘော့စနီးယား - ဂျာမနီ | ဂျာမနီ ၃-၁ ဘော့စနီးယား |
| ။ | ။ | A | ၃ | ဟန်ဂေရီ - နယ်သာလန် | နယ်သာလန် ၈-၁ ဟန်ဂေရီ |
| ။ | ။ | B | ၁ | ချက် - အယ်လ်ဘေးနီးယား | အယ်လ်ဘေးနီးယား ၃-၀ ချက် |
| ။ | ။ | B | ၁ | ယူကရိန်း - ဂျော်ဂျီယာ | ဂျော်ဂျီယာ ၁-၂ ယူကရိန်း |
| ။ | ။ | C | ၁ | ဆိုက်ပရပ်စ်ကျွန်း - ဆွီဒင် | ဆွီဒင် ၁-၀ ဆိုက်ပရပ်စ်ကျွန်း |
| ။ | ။ | B | ၄ | အိုက်စလန် - ဝေးလ်စ် | ဝေးလ်စ် ၃-၁ အိုက်စလန် |
| ။ | ။ | B | ၄ | တူကီယဲလ် - မွန်တီနီဂရိုး | မွန်တီနီဂရိုး ၁-၂ တူကီယဲလ် |

### ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲ)(ပွဲစဉ်-၉) ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/နောက်ဆုံး၅ပွဲရလဒ် | ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲရလဒ် |
|---|---|---|---|
| ၁၂-၁၀-၂၀၂၄ စနေနေ့ | နံနက် ၀၈း၀၀ နာရီ | (၁၀)ပီရူး - ဥရုဂွေး(၃) (L,L,D,D,L) (W,W,W,D,D) | ပီရူး ၁ - ၁ ဥရုဂွေး ဥရုဂွေး ၁ - ၀ ပီရူး |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၁-၁၀-၂၀၂၄ သောကြာနေ့ | ညနေ ၆း၃၀ နာရီ | ကမ္ဘောဒီးယား - တရုတ်တိုင်ပေ |

### ထိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်) ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၁-၁၀-၂၀၂၄ သောကြာနေ့ | ညနေ ၄း၀၀ နာရီ | ဆီးရီးယား - တာဂျစ်ကစ္စတန် |
| ။ | ည ၇း၃၀ နာရီ | ထိုင်း - ဖိလစ်ပိုင် |

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**ဇေယျာသီရိ အောက်တိုဘာ ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကျောက်ချက်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဦးရဲသူရခင်စိုးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး အခမ်းအနားတွင် ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ၂၁ ရာစု ကျွန်ုပ်တို့၏ ကမ္ဘာမြေအခြေအနေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့၊ တစ်ခါသုံးပလတ်စတစ်အကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာသည့် ကြွပ်ကြွပ်အိတ်အကြောင်း၊ တစ်ခါသုံးပလတ်စတစ်ရဲ့ ဆိုးကျိုးများ၊ ပလတ်စတစ်အသုံးပြုမှုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်းငါးသွယ်နှင့် သုံးစွဲမှုလျှော့ကျသွားအောင် ဆောင်ရွက်ရမည့်နည်းလမ်းများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ ဆက်လက်၍ နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက်လာသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ Video Clip ပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏မေးမြန်းချက်အား ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောက်ချက်အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာအုပ်များ လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



# ပြည်တွင်းရည်ညွှန်းဆန်ဈေးနှုန်း ယခင်လထက် အနည်းငယ်မြင့်တက်လာ

ပြည်တွင်း ရည်ညွှန်းဆန်ဈေးနှုန်း ယခင်လထက် အနည်းငယ် ဈေးမြင့်တက်လာရာ ဆန်အမျိုးအစားလိုက် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ ခန့် မြင့်တက်လာသည်။

အောက်တိုဘာလအတွက် သတ်မှတ်ထားသော ဆန်ရည်ညွှန်းဈေးနှုန်းများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတ်မှတ်ထုတ်ပြန်ခဲ့ရာ စက်တင်ဘာလထက် အနည်းငယ် မြင့်တက်လာသည်။

စက်တင်ဘာလ ဆန်ဈေးနှုန်းသတ်မှတ်ထုတ်ပြန်ရာတွင် ဆန်အမျိုးအစားအပေါ်မူတည်ပြီး ဆန်တစ်အိတ်လျှင် အနည်းဆုံး ငွေကျပ် ၇၃၀၀၀ မှ ၁၅၀၀၀၀ ထိ သတ်မှတ်ထားပြီး စက်တင်ဘာလက အနည်းဆုံး ဆန်တစ်အိတ်လျှင်ငွေကျပ် ၇၁၀၀၀မှ ၁၅၀၀၀၀ ထိ သတ်မှတ်ထုတ်ပြန်ခဲ့သောကြောင့် ဆန်အမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ဈေးမြင့်တက်ခဲ့ခြင်း ဖြစ်သည်။

အောက်တိုဘာလအတွက် ဆန်ဈေးနှုန်းများမှာ ဆန်ကြမ်းအုပ်စုဖြစ်သည့် ဧည့်မထ၊ ငစိန်၊ ဆင်းသုခ၊ ရတနာတိုး၊ ကရင်မ၊ ထွင်းပု စသည့် ဆန်အမျိုးအစားများမှာ တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀-၈၅၀၀၀ ကြားကို ရန်ကုန်အထိုင်ဈေးအဖြစ် သတ်မှတ်ထားသည်။ ဆန်ချောအုပ်စုဖြစ်သည့် ဧရာဝတီပေါ်ဆန်း၊ ခွန်နီ၊ ပေါ်ကျွဲ၊ ကျားပြန် အမျိုးအစားများမှာ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၃၅၀၀၀ ထိ သတ်မှတ်ထားပြီး ပြည်တွင်းစားသုံးမှုများသည့် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀-၁၅၀၀၀၀ထိ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သတ်မှတ်ထားသည်။ **(အပေါ်ပုံ)**

အဆိုပါ သတ်မှတ်ဈေးနှုန်းများမှာ ရန်ကုန်အထိုင်ဈေးဖြစ်ပြီး နယ်မြေဒေသအလိုက် ဈေးနှုန်း သယ်ယူပို့ဆောင်စရိတ် ကွာခြားနိုင်သော်လည်း ယင်းထက်ပိုမိုရောင်းချပါက သက်ဆိုင်ရာသို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# ပုဂ္ဂလိကဘဏ် ၁၅ ခုတွင် MSME ချေးငွေ လျှောက်ထားနိုင်ပြီဟု ဆို

**မန္တလေး အောက်တိုဘာ ၁၀**

ပြည်တွင်း၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေဆိုင်ရာ ရန်ပုံငွေကျပ် ၁၅၀ ဘီလီယံကို ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် ထုတ်ချေးပေးသွားမည်ဖြစ်ရာ ပုဂ္ဂလိကဘဏ် ၁၅ ခုတွင် ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

Participating Financial Institution(PFI) ဘဏ်များမှတစ်ဆင့် သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရန် ပုဂ္ဂလိကဘဏ် ၁၅ ခုဖြင့် သဘောတူစာချုပ်ကို အောက်တိုဘာ ၃ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

"အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းလုပ်ကိုင်နေကြတဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံမှုတိုးပြီး လုပ်နိုင်လာရင် MSME တွေ ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ချေးငွေဆိုင်ရာ စည်းကမ်းချက်တွေက လိုအပ်သလောက်ပဲ သတ်မှတ်ပေးသင့်တယ်"ဟု စက်မှုလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ချေးငွေရယူလိုသူများအနေဖြင့် ကမ္ဘောဇရတနာဘဏ်၊ ရွှေဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ကမ္ဘောဇဘဏ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အရှေ့တိုင်းဘဏ်၊ မြန်မာခရီးသွားဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ သမဝါယမဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာမက်ထရိုဘဏ်၊ ဧရာဝတီဘဏ်၊ သတ္တုဖွံ့ဖြိုးရေးဘဏ်၊ ဆောက်လုပ်ရေးဘဏ်၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်များမှ ထုတ်ပေးမည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ် ၁၇၀ ဘီလီယံကို MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှာ ထည့်သွင်းပေးထားရာ အဆိုပါရန်ပုံငွေမှ ငွေကျပ် ၁၅၀ ဘီလီယံကိုထုတ်ချေးရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(မန္တလေးနေ့စဉ်-၉)**



# ထန်းသုံးပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village)စီမံကိန်းရန်ပုံငွေဖြင့် ထန်းသုံးပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းနှင့် ကျေးရွာပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ (Smart Village) စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းနှင့် ကျေးရွာပတ်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းအရည်အသွေးပြည့်မီအောင်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။



စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ လမ်းအရှည် ၇၀၅ ပေစီရှိ ကျေးရွာတွင်းလမ်းနှင့် ကျေးရွာပတ်လမ်း ၂ လမ်းကို လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့်ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား(Smart Village) စီမံကိန်းရန်ပုံငွေ ၁၉ ဒသမ ၈၅ သန်းစီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပြီး စက်တင်ဘာ ၅ ရက်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၅၃ အိမ် ၊ လူဦးရေ ၇၀၈ ဦးအတွက် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်၍ ကျေးရွာ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြောသည်။ **(ဝဲပုံ)(၄၄၅)**

# ရွှေဆံပင် ရေဘေးကူညီရေးအဖွဲ့ အင်းလေးဒေသသို့ လှူဒါန်း

**အင်းလေး အောက်တိုဘာ ၁၀**

ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လ ဦးဆောင်သော ရွှေဆံပင်ရေဘေးကူညီကယ်ဆယ်ရေးအဖွဲ့သည် အောက်တိုဘာ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်များတွင် အင်းလေးဒေသသို့ ရေဘေးအလှူပြုလျက်ရှိသည်။

အင်းလေးဒေသ၊ ရွာကြီးတောင်အလယ်ရပ်၊ ရေသာရပ်နှင့် ကန့်လန့်ရွာ သုံးရွာကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် လှူဒါန်းကြပြီး ရွှေဆံပင်အဖွဲ့သည် ဖောင်တော်ဦးဘုရားဖူးကြသည်။ ဆက်လက်၍ ထိုနေ့ မွန်းလွဲပိုင်းတွင် အေးသာယာမြို့ရှိ ရွှေပြောင်းနေထိုင်သူ ယာယီမိသားစု ၅၀၀ ကို လှူဒါန်းကြမည် ဖြစ်သည်။

"အင်းလေးအစပ် ညောင်ရွှေက ကံကြီးပရိယတ္တိစာသင်တိုက်မှာ တည်းပါတယ်။ ရွှေကျင်သာသနာပိုင် ညောင်ရွှေဆရာတော်ကြီးရဲ့ ကျောင်းပါ။ သံဃာအပါး ၂၅၀ ခန့်ရှိပြီး ကြည်ညိုစရာ ကောင်းပါတယ်။ အောက်တိုဘာ ၇ ရက် မယ်တော်ကြီးမွေးနေ့မှာ ဆွမ်းကပ်ပြီး ညနေပိုင်း ဒီဝန်းကျင်က ကျောင်းတွေမှာ တည်းနေတဲ့ ရေဘေးရှောင် ၁၅၀၀၊ ၂၀၀၀ လောက်ကို စတုဒိသာကျွေးမှာပါ" ဟု ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လက မိန့်ကြားသည်။

အောက်တိုဘာ ၆ ရက်တွင် လှူကြမည့် အင်းလေးအိမ်ထောင်စုတစ်ထောင်စာအတွက် ဆန် ငါးပြည်အိတ် ၁၀၀၀၊ ခြင်ထောင်အလုံး ၁၀၀၀၊ မုန့်ထုတ် ၁၀၀၀၊ ဆိုလာဓာတ်မီး အလက် ၁၀၀၀၊ ဆေးထုတ် ၁၀၀၀၊ ကာဘောလစ်ဆပ်ပြာတောင့် ၂၀၀၀၊ ငံပြာရည် ငါးနီတူထုတ် ၁၀၀၀ ကျော်နှင့် ငပိထောင်းဘူးများကို လှူဒါန်းကြမည် ဖြစ်သည်။

ရွှေဆံပင်အဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက်တွင် ညောင်ရေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်တွင် အရုဏ်ဆွမ်းဆက်ကပ်မည်ဖြစ်ပြီး မိုင်းပျိုးရေတန်းရွာ၊ မိုင်းပျိုးရေကာရွာနှင့် ကန်ကြီးညောင်ရွှေရွာများသို့ လှူဒါန်းကြမည် ဖြစ်သည်။ ထိုနေ့ ညနေပိုင်းတွင် ညောင်ရွှေမြို့ ရေဘေးရှောင်၊ ယာယီရွှေ့ပြောင်းနေထိုင်သူစခန်းများရှိ ရေဘေးသင့်၊ ရွှေပြောင်းပြည်သူ ၁၅၀၀ ဦးကို ညစာအာဟာရကျွေးမွေး လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ရွှေဆံပင်အဖွဲ့သည် အောက်တိုဘာ ၈ ရက် နံနက်တွင် မြေနီကုန်းရွာနှင့် နေ့ခင်းပိုင်းတွင် မြို့မရွာသစ်ဒေသများသို့ သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၃၉၄)





# ညောင်ဦးမြို့နယ်၌ ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားရေး သီးထပ်သီးညှပ်ရောနှောစိုက်ပျိုးမှုစနစ် အားထားလုပ်ကိုင်

**ညောင်ဦး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် သီးနှံများစိုက်ပျိုးရာတွင် သီးနှံဝင်ငွေတိုးပွားရေးအတွက် သီးထပ်သီးညှပ် ရောနှောစိုက်ပျိုးနည်းစနစ်များကို တစ်နှစ်ထက် တစ်နှစ် ပိုမိုတွင်ကျယ်စွာ အားထားစိုက်ပျိုးလုပ်ကိုင်ကြသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများမှ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကစီးပွားဖြစ်လုပ်ကိုင်ကြပြီး အချို့တောင်သူများက တောင်ယာလုပ်ငန်းနှင့် တွဲဖက်ကာ ထန်းလျက်ချက်လုပ်ငန်း(ထန်းတက်လုပ်ငန်း)ကို လုပ်ကိုင်ကြသည်။ ယခင်က သီးနှံများ စိုက်ပျိုးရာတွင် မိရိုးဖလာ တစ်သီးစားစိုက်ပျိုးနည်းဖြင့်သာ စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုအခါ စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာသည်နှင့်အမျှ သီးနှံအထွက်နှုန်းကောင်းမွန်သော စိုက်ပျိုးရေးနည်းပညာများကို လေ့လာ၍ သီးနှံဝင်ငွေ ပိုမိုရရှိစေရန် တစ်သီးစားစိုက်နည်းစနစ်မှ နှစ်သီးစား စိုက်ပျိုးနည်းစနစ်ဖြင့် သီးနှံများကို သီးထပ်သီးညှပ် ရောနှောစိုက်ပျိုးလုပ်ကိုင်လာသည်။

ညောင်ဦးမြို့နယ်တွင် ဒေသခံတောင်သူအများစုမှာ မိုးကောင်းသောက်စနစ်ဖြင့် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ပြီး အဓိကစိုက်ပျိုးသည့် သီးနှံများမှာ မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲနောက်၊ ပဲကြီး၊ ပဲပိစပ်၊ ဖူးစားပြောင်း၊ နှံစားပြောင်း၊ နေကြာ စသည့် သီးနှံများကို စိုက်ပျိုးကြကြောင်း သိရကာ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သဖြင့် စိုက်ပျိုးသမျှ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနကလည်း သီးနှံများ အထွက်နှုန်းကောင်းမွန်ရေးအတွက် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးလုပ်ငန်းများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

* - * - * - * - *

# မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးသော မိုးစပါးစိုက်ဧရိယာများအတွက် မျိုးစပါးများ ထောက်ပံ့ပေးအပ်

**ဥတ္တရသီရိ အောက်တိုဘာ ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးသော မိုးစပါးစိုက်ဧရိယာများအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လှူဒါန်းသည့် မျိုးစပါးများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ဇလောင်းကျေးရွာအုပ်စု၊ ဇလောင်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းယုနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်တို့က ဒေသခံတောင်သူများအနေဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးထိခိုက်ပျက်စီးမှုများအပေါ် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး၊ မျိုးစပါးများ အခမဲ့ရရှိ၍ စပါးသီးနှံများကို အချိန်မီအလေးထားစိုက်ပျိုးရာတွင် အတန်းလိုက် မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ ဦးဌေးထက်နှင့် တာဝန်ရှိသူများက မျိုးစပါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မြို့နယ်-ပြန်/ဆက်)



# သနပ်ခါးချစ်သူများအတွက် သနပ်ခါးတုံးလက်ဆောင် ပေးနေသည်

**မန္တလေး အောက်တိုဘာ ၁၀**

မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား အရှေ့မုခ်တွင် သနပ်ခါးရောင်းသူ သုံးဦးမှ စုပေါင်းပြီး လပြည့်နေ့တိုင်း သနပ်ခါးလိမ်းလာသည့် သနပ်ခါးချစ်သူ အမျိုးသမီးများကို သနပ်ခါးတုံး အရေအတွက် ၅၀၀ ကို လက်ဆောင်ပေးလျက်ရှိသည်။

"ကျောက်တော်ကြီးဘုရားမှာ လပြည့်နေ့တိုင်း သနပ်ခါးလိမ်းလာသူ တစ်ဦးလျှင် တစ်တုံးယူစနစ်နှင့် သနပ်ခါးတုံးရေ ၅၀၀ ကို လက်ဆောင်ပေးနေပါတယ်။ မိတ်ကပ်လိမ်းလာရင်တော့ မပေးပါဘူး။ ဒီလိုလပြည့်နေ့တိုင်း လက်ဆောင် ပေးလာတာ သုံးနှစ်ရှိပါပြီ။ သနပ်ခါးတုံးယူတဲ့နေရာမှာ နောက်ပြန်လက်နဲ့ကျတဲ့ သနပ်ခါးတုံးကို လက်ဆောင်ပေးတာပါ။ သနပ်ခါးတုံးလက်ဆောင်ပေးတာကို ကျောက်တော်ကြီးဘုရားအရှေ့မုခ်မှာရှိတဲ့ သနပ်ခါးရောင်းသူ သုံးဦးမှ စုပေါင်းပြီး လက်ဆောင်ပေးခြင်း ဖြစ်ပါတယ်" ဟု ဝင်းရန်သနပ်ခါးဆိုင်ပိုင်ရှင်က ပြောသည်။




ကျောက်တော်ကြီးဘုရားသို့ လပြည့်နေ့တိုင်း ဘုရားဖူးလာ မိန်းမပျိုလေးများ သနပ်ခါးလိမ်းလာပါက သနပ်ခါးတုံးလက်ဆောင်ပေးခြင်းကြောင့် ပုံမှန်လပြည့်နေ့တိုင်း လက်ဆောင်လာရောက်ယူသူများဖြင့် စည်ကားသလို လက်ဆောင်ရသည့် သနပ်ခါးတုံးကို ဘုရားဝင်းအတွင်းရှိ သနပ်ခါးသွေးကျောက်ပြင်ပိုင်းတွင် သွေးပြီး ဘုရားနံ့သာအဖြစ် လှူဒါန်းကြသည်။

သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဝင်ဖြစ်သည့် သနပ်ခါးရောင်းသူများမှာ အရာတော်မြို့မှ လာရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။ (အပေါ်ဝဲပုံ) ရွှေမန်း

# ပဲနောက် ၇၇၈ ဧက စိုက်ပျိုးပြီးစီး

**မကွေး အောက်တိုဘာ ၁၀**

၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီတွင် ပဲမာတစ်မျိုးဖြစ်သည့် ပဲနောက်ကို မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ၇၇၈ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

မိုးရာသီ၌ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါတို့နှင့်အတူ စိုက်ပျိုးကြသည့်အပြင် ပဲနောက်ကိုလည်း စိုက်ပျိုးကြသည်။ ပဲနောက်ကို ပြည်တွင်းရှိ ကုန်သည်၊ ပွဲစား၊ ခွဲခြမ်းစက်များကို ရောင်းရပြီး ပဲပင်ဖောက်၍ ပဲတီချဉ်အဖြစ် လည်းကောင်း၊ ပဲပင်ပေါက်အဖြစ် လည်းကောင်း ရောင်းချကြသည်။

"ပဲနောက်ကို ရောင်းဖို့စိုက်ကြသည့်အပြင် နွေရာသီအတွက် မိသားစုဟင်းတစ်မယ်အဖြစ် စားသုံးရန် ထွက်ရှိတဲ့ပဲထဲကနေ ချန်ထားသိုလှောင်ထားကြတာမျိုး ရှိတယ်။ အချို့က ပဲပင်ဖောက်ပြီး မြို့ပေါ်ဈေးကို တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရစေရန် ရောင်းချကြတယ်။ ပဲနောက်ကနေ ပဲဟင်း၊ ပဲတီချဉ်စသဖြင့် အမျိုးမျိုးစားသုံးနိုင်တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

(၄၇၂)

* - * - * - * - *

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## စပါးသစ်ထွက်နှုန်းနည်းပြီး ဝယ်လိုအားများနေသဖြင့် စပါးဈေးကျဆင်းရန် အခြေအနေနည်းပါး

ပြည်တွင်းစပါးစိုက်ဧကများမှ မိုးစပါးရာသီတွင် စပါးသစ်အထွက်နှုန်းနည်းပြီး လှောင်လက်များ၏ ဝယ်ယူမှုကြောင့် စပါးအသစ်ဈေးကျဆင်းရန် အခြေအနေနည်းပါးကြောင်း စပါးကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။

စပါးလှောင်လက်များက ပုံမှန်နှစ်များထက် စောစီးစွာ ဝယ်ယူနေပြီဖြစ်၍ ရောင်းလိုအားထက် ဝယ်လိုအားများနေသည်ဟု ဆိုသည်။

"စပါးစိုက်ဧကတွေ ရေနစ်ပျက်စီးတာတွေရှိတော့ စပါးထွက်နှုန်းနည်းနိုင်တယ်။လှောင်လက်တွေက ရန်ကုန်ဆန်ဈေးနဲ့ ချိန်ညှိပြီး ဝယ်မှာမဟုတ်ဘဲ စပါးရရှိရေးအတွက် ဈေးပိုပေးပြီး ဝယ်ကြမှာ။ ဒါကလည်း အစဉ်အလာလို ဖြစ်နေတယ်။Export ဆန်ဈေးကလည်း အကျဘက်ကနေ ဈေးပြန်တက်လာတယ်" ဟု ၄င်းက ပြောသည်။



လက်ရှိတွင် ဆန်ဈေးနှင့် စပါးဈေးအချိုးကိုက်ညီမှုမရှိခြင်း၊ RC ဆန်နှင့် ဆန်ကွဲကြိတ်ခွဲရောင်းချသော စက်များတွင် လက်ရှိ ဆန်ဈေးနှင့်အဆင်ပြေနေခြင်း၊ စပါးစတင်ပေါ်ကာစအချိန်၌ လှောင်လက်များက စပါးဝယ်ယူနေခြင်း၊ စပါးထွက်နှုန်းနည်းပါးခြင်းတို့ကြောင့် စပါးဈေးကျဆင်းရန်မရှိဘဲ အတက်ဘက်ရောက်လာနိုင်သည် ဟု သိရသည်။

"ဒေသစုံက စပါးပေါ်လာရင် ဈေးကျမယ်လို့ ယူဆနေသူတွေရှိသလို စိုက်ဧကတွေ ရေကြီးနစ်မြုပ်လို့ ဈေးတက်နိုင်တယ်လို့ မျှော်တဲ့သူတွေလည်း ရှိတယ်။ လက်ရှိမှာ လက်ကျန်မရှိတော့တဲ့ စပါးအဟောင်းက ဈေးတက်နေတယ်။ စပါးဈေးက ပြီးခဲ့တဲ့ ၅ ရက်ကထက် ဒီနေ့မှာ တင်းတစ်ရာကို ငွေကျပ် ၅၀၀၀၀ ဈေးတက်သွားပြီ" ဟု ဆက်လက်ပြောကြားသည်။

စပါးအသစ်ထွက်နှုန်းနည်းနေသေးသောအချိန်ဖြစ်ပြီး ဝယ်သူများနေသဖြင့် စပါးဈေးကျဆင်းရန်ခက်ခဲကြောင်း၊ စပါးအစိုတစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀-၁၇၅၀၀ ပေါက်ဈေးရှိရာ အတက်ဈေးတွင်အရောင်းအဝယ်ဖြစ်နေပြီး မိုးစပါးသုခအဟောင်းမှာ ပြီးခဲ့သည့် ၅ ရက်က တစ်တင်းလျှင် ငွေကျပ် ၁၈၅၀၀ မှ ၁၉၀၀၀ ဈေးမြင့်လာသဖြင့် တင်းတစ်ရာလျှင် ငွေကျပ် ၅၀၀၀၀ ဈေးတက်လာခဲ့သည်ဟု ဆိုသည်။

(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀



## ပြည်တွင်းမြေပဲဆန်များ လှိုင်လှိုင်ပေါ်ချိန် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချသင့်

ပြည်တွင်း မြေပဲဆန်များ လှိုင်လှိုင်ပေါ်ချိန် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချသင့်ကြောင်း ဆီစက်ပိုင်များထံမှ သိရသည်။

လက်ရှိအချိန်တွင် ပြည်ပမှ စားအုန်းဆီများကို ပိုမိုတင်သွင်းလာသောကြောင့် ဈေးကွက်အတွင်း တံဆိပ်မျိုးစုံဖြင့် စားအုန်းဆီများ ပိုမိုနေကြောင်း ပြည်တွင်းမှာ ဆီထွက်သီးနှံများ လှိုင်လှိုင်ပေါ်ချိန်မှာ ဖြစ်သောကြောင့် ပြည်တွင်းဆီစက်ပိုင်များက ဝယ်ယူကြိတ်ခွဲရောင်းချမှုများ ပိုမိုချိန်ဖြစ်ပြီး ပြန်လည်ရောင်းချရာတွင် မြေပဲဆီ ခပ်သွက်သွက်ရောင်းချနိုင်မှသာ တောင်သူစိုက်ပျိုးသည့် မြေပဲဆန်ကို ဈေးကောင်းပေး ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုးရောင်းချနိုင်သည့် မြေပဲ၊ နှမ်း၊ နေကြာကို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း ကွင်းဆက်တစ်ခုလုံး အဆင်ပြေစေရန် ပြည်ပနိုင်ငံခြားငွေဖြင့် တင်သွင်းရသည့် စားအုန်းဆီတင်သွင်းမှုကို လျှော့ချသင့်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်က ပြောသည်။

"စားအုန်းဆီကို လိုအပ်တာထက် ပိုသွင်းလိုက်တဲ့အတွက် ဈေးကွက်ထဲမှာ တံဆိပ်မျိုးစုံနဲ့ စားအုန်းဆီတွေ ရောင်းချနေပါတယ်။ လက်ရှိမြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀-၇၅၀၀ ပေါက်ဈေးနဲ့ ဝယ်ယူပြီး မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ခန့် အရင်းရှိပါတယ်။ မြေပဲအမျိုးအစားအလိုက် ဈေးအနည်းငယ်တော့ ကွာသလို ဆီအရည်အသွေးလည်းကွာပါတယ်။ နိုင်ငံခြားကနေ ဆီတင်သွင်းရာမှာ ပြည်တွင်းမြေပဲပေါ်ချိန်နဲ့ မြေပဲပြတ်လပ်ချိန်တွေကို ချိန်ဆပြီး အတိုးအလျှော့တင်သွင်းသင့်ပါတယ်။ ပြည်တွင်းမှာ မြေပဲကုန်ကြမ်း နည်းပါးချိန် ဆီပိုသွင်းတာဘာမှမဖြစ်ပါဘူး။ ပြည်တွင်းမှာ မြေပဲတွေ လှိုင်လှိုင်ပေါ်ချိန်မှာ စားအုန်းဆီတင်သွင်းမှုကို လျှော့ချလိုက်တာက တောင်သူစိုက်တဲ့ မြေပဲကို ဈေးကောင်းရစေပါတယ်။ ပြည်တွင်းစက်ပိုင်တွေက ဆီခပ်သွက်သွက်ရောင်းချရမှ မြေပဲဈေးကောင်းကောင်းနဲ့ ပြန်ဝယ်နိုင်မှာပါ။ စားအုန်းဆီတင်သွင်းမှုများလာတာနဲ့ တောင်သူ၊ စက်ပိုင်၊ စားသုံးသူ အဆင်မပြေတော့ပါဘူး။ တောင်သူတွေကလည်း မြေပဲစိုက်ပျိုးစရိတ်က မြေပဲဆန်တစ်ပိဿာကို ငွေကျပ် ၇၀၀၀ လောက် အရင်းကျထားပါတယ်။ တောင်သူတွေ မြေပဲဆန်ဈေးကောင်းရမှ တောင်သူကလည်း စိုက်ပျိုးအားရှိလာမှာပါ။ အခုကတော့ ပြည်တွင်းမှာ မြေပဲဆန်လှိုင်လှိုင်ပေါ်ချိန်မှာ စားအုန်းဆီတင်သွင်းမှုကို လျှော့ချပေးသင့်ပါတယ်" ဟု ၄င်းက ပြောသည်။

အောက်တိုဘာ ၉ ရက်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၂၀၀-၈၃၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀-၇၃၀၀ ပေါက်ဈေးရှိပြီး မြေပဲအနီဆီဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀-၇၂၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ပေါက်ဈေးရှိနေရာ ပြည်တွင်းဆီဈေးနှုန်းကျဆင်းမှုနှင့်အတူ မြေပဲဆန်ဈေးနှုန်းများလည်း ကျဆင်းနေကြောင်း သိရသည်။ ရွှေမန်း

## ဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်း ပဲ၊ နှမ်းဈေးကွက် ဆက်တိုက် အရောင်းအဝယ်အေးနေ

ဒေါ်လာဈေး ကျဆင်းမှုနှင့်အတူပြည်တွင်း ပဲ၊နှမ်းဈေးကွက် ဆက်တိုက်အရောင်းအဝယ် အေးနေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံက သိရသည်။

ဆောင်းရာသီစိုက်ပျိုးမည့် ကုလားပဲမျိုးဈေးကွက် သီတင်းကျွတ်ကာလ နောက်ပိုင်းမှသာ ကုလားပဲမျိုးဈေးကွက် အရောင်းအဝယ်ကောင်းလာမည်ဖြစ်သည်။

စက်တင်ဘာလ ပြည်တွင်းရေကြီးရေလျှံမှုတွေဖြစ်ကတည်းက ပဲ၊ နှမ်းဈေးကွက်မှာ အရောင်းအဝယ် ခပ်အေးအေးဖြင့် အရောင်းအဝယ်ရှိနေကြောင်း အောက်တိုဘာ လဆန်းကျော်ထိ ပြည်တွင်းဒေါ်လာဈေးကျဆင်းသလို ပြည်တွင်းပဲ၊နှမ်းဈေးကွက်မှာ ဈေးနှုန်းကျဆင်းမှု အနည်းငယ်သာရှိပြီး အရောင်းအဝယ်က လိုအပ်သလောက်သာ ဝယ်ယူနေခြင်းဖြစ်ကြောင်း မြေပဲဆန်ကို ပို့ကုန်အဖြစ် တရုတ်လိုင်းအဝယ် မရှိသလောက်ဖြစ်နေပြီး ပြည်တွင်းဆီစက်ပိုင်များ၏ ဝယ်လိုအားသာရှိနေခြင်းကြောင့် ဈေးကျဆင်းနေကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ဒေါ်လာဈေးငြိမ်နေတော့ ပို့ကုန်ပဲတွေလည်း ဈေးကျဆင်းအဝယ်အေးနေတုန်းပါ။ ပြည်တွင်းသုံးကုလားပဲတွေကလည်း ဈေးကျဆင်းနေပြီး လိုရောင်းလိုဝယ်လောက်သာ အရောင်းအဝယ်ဖြစ်နေတာမျိုးပါ။ ဒီလိုဖြစ်နေတာက ပဲ၊ နှမ်း အကုန်လုံးဖြစ်နေတာပါ။ မြေပဲဆန်တွေလည်း အသစ်တွေ ဝင်လာတော့ ဆီဆန်တွေဆိုရင် တစ်ပိဿာငွေကျပ် ၆၀၀၀ ကျော်လောက်သာ ပေါက်ဈေးရှိတော့တယ်။ လက်ရှိမှာ မြေပဲဆန်က တရုတ်လိုင်းအဝယ် မရှိသလောက် ဖြစ်နေပါတယ်။ သီတင်းကျွတ်ကာလ နောက်ပိုင်းမှာသာ ကုလားပဲမျိုးဈေးကွက် အရောင်းအဝယ် သွက်လာနိုင်ပါတယ်။ လက်ရှိမှာတော့ ပုံမှန်ဈေးကွက်နဲ့ အရောင်းအဝယ်လုပ်နေတာ တစ်လလောက်ရှိပါပြီ" ဟု ၄င်းက ပြောသည်။

အောက်တိုဘာ ၉ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ မတ်ပဲ(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ ဆက်လက်ဈေးငြိမ်နေရာ အောက်တိုဘာ ၉ ရက်တွင် ကုလားပဲ V2 တစ် အိတ်လျှင် ငွေကျပ် ၃၁၂၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၉၂၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ လက်ကျန်နည်းလာပြီး ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၅၉၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၂၀၀-၈၃၀၀ ပေါက်ဈေးရှိနေသည်။

အောက်တိုဘာ ၉ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ပုံမှန်သာရှိနေရာ နှမ်းဖြူ(ရိုးရိုး)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းဖြူ(ဂျပန်)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ နှမ်းနက်(စမုန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀-၆၁၅၀၀၀၊ အက်စစ်လွှတ် တစ်အိတ်လျှင် ငွေကျပ် ၆၅၅၀၀၀-၆၆၀၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း

၀-၀-၀-၀-၀-၀-၀



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၀**

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီခွဲက အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ ဆောင်းဒါးရက်ကန်နှင့်အသက်မွေးပညာသိပ္ပံသင်တန်းခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ ဆောင်းဒါးရက်ကန်နှင့်အသက်မွေးပညာသိပ္ပံ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ကထိက၊ ဌာနမှူးများ၊ ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဆောင်းဒါးရက်ကန်နှင့်အသက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံအချက်များ၊ လိုက်နာရမည့်အချက်များ၊ သိကောင်းစရာများအား Power Point ဖြင့် ရှင်းလင်းဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

(၀၄၅)

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့ စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**စော်ထက်(သရက်)**

## သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း ဆုချီးမြှင့်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ အောက်တိုဘာ ၁၀**

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း ဆုချီးမြှင့်နိုင်ရန် အောက်တိုဘာ ၈ ရက်က နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း (Clean and Green Schools Award) ဆုချီးမြှင့်နိုင်ရန် ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သတ်မှတ်ထားသော အခြေခံစံနှုန်းလေးချက်၊ အညွှန်းကိန်း (၁၇) ချက်နှင့်အညီ ကိုက်ညီမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် ကန့်ဘလူခရိုင် ဆုရွေးချယ်ရေးကော်မတီ၊ အဖွဲ့ခေါင်းဆောင် ခရိုင်ပညာရေးမှူး ဦးသန်းထိုက်နှင့်ကော်မတီဝင်များက စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ဆုရကျောင်းများကို တိုင်းဒေသကြီးနှင့် ခရိုင်များတွင် ကျင်းပမည့် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ (Clean and Green Schools Award)တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀-၀-၀-၀




## ပညာဘဏ်တိုက်

* စာပေစွမ်းအား ပညာများဖြင့်
လူသားကောင်းကျိုး ဆင့်ဆင့်တိုးဖြင့်
ဖွံ့ဖြိုးလူ့ဘောင် စွမ်းရည်ဆောင် ။
* စိတ်ရှည်သည်းခံ စိတ်ထားမှန်အောင်
ဝေဖန်ထောက်ရှု မြတ်နိုးတန်ဖိုးထား
ပြည်သူ့ကောင်းကျိုး အစဉ်သယ်ပိုး ။
* ကိုယ်တိုင်လည်းသိ အများအသိတိုး
သူ၏ စိတ်ဝမ်း စာဝန်ထမ်းကာ
စာပန်းပန်ဆင်စေလိုသူ ။
* စာကြည့်တိုက်ကို သည်းခံစိတ်ယူ
ဖိုးထိုက်စေမှု လုံ့လပြု၍
ပညာဘဏ်တိုက်ဖွင့်လေသူ ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

## သားဖွားသင်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၁၀**

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သားဖွားသင်တန်းကျောင်းခန်းမတွင်ကျင်းပရာ ရှေးဦးစွာ သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုနိုင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်း ခရိုင်အဆင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်းအား မိတ်ဆက်ပြောကြားခဲ့သည်။ ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "နှလုံးသားလှဖို့ ဒို့တွေ စာဖတ်စို့" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ ဟောပြောချက်များနှင့်ပတ်သက်၍ သင်တန်းသူများအား မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့ကြသော သင်တန်းသူများအား ခရိုင်ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြင်ဦးလွင်ခရိုင် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ခရိုင်ဥက္ကဋ္ဌ ဦးမျိုးမင်းက မုဒိတာစကားပြောကြားခဲ့သည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတရသစာအုပ်၊ စာစောင်များကို သင်တန်းသူများက လေ့လာဖတ်ရှုခဲ့ကြသည်။

အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ စာရေးဆရာ ကိုရွှေအောင်သင်း၊ ခရိုင်ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သားဖွားသင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းသူ ၁၂၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**သွေးသွေး(ခရိုင်ပြန်/ ဆက်)**



# သတင်းပဒေသာ

## မိုးစပါးစိုက်ခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရေး သွင်းအားစုများ ထောက်ပံ့

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း စက်တင်ဘာလက ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးသွားခဲ့သော မိုးစပါးစိုက်ခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရေး သွင်းအားစုများထည့်သွင်းခြင်းနှင့် ထိခိုက်စပါးခင်းများ ပြန်လည်ကုစားနိုင်ရန်အတွက် ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အေးမြင့်သာယာကျေးရွာ ကွင်းအမှတ် ၁၆၂၄ တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ပြည်သူ့ဆေးရုံ၌ အသက် ၆၀ နှင့်အထက် အငြိမ်းစားဝန်ထမ်းများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့်ကုသမှုပေးခြင်း အစီအစဉ်အဖြစ် ဆီးချို၊ သွေးချို၊ သွေးတိုးနှင့်နှလုံးရောဂါ၊ အမြင်အာရုံများ စစ်ဆေးပေးခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်ခြင်းကို အောက်တိုဘာ ၉ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီမှ ညနေ ၆ နာရီအချိန်ထိ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီး၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အမျိုးသမီးများ အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းပညာဖြင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၉ရက် နံနက် ၁၀ နာရီက အဆိုပါရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကလေးမြို့နယ်တွင်သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက စတင်ခဲ့ရာ အဆိုပါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ၈ ရက်မြောက်နေ့ ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ)သင်တန်းဖွင့်မည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ကြီးမှူးဖွင့်လှစ်မည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ)သင်တန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ကျိုင်းတုံမြို့၊ ကျိုင်းတုံမူလတန်းကြိုကျောင်း၊ မြို့တော်ခန်းမအနီးတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး အောက်တိုဘာ ၁၀**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ မွန်းလွဲပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ အရှင်မြတ်က ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်းရခြင်း အကျိုးတရားကို ဟောကြား၍ ရေစက်ချတရားဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ အလှူရှင် ဦးဝင်းနိုင်+ဒေါက်တာသန်းသန်းမြင့် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းကို လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကြောင်း သိရသည်။

(အောက်ပုံ) (၀၃၆)






## မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ပင့်သံဃာတော် ၂၅၆၈ ပါးအား ဆွမ်းသပိတ်လောင်းလှူသွားမည်

**မန္တလေး အောက်တိုဘာ ၁၀**

မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား (၁၃၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာ့ဒါန ဆွမ်းလောင်းပွဲကို အောက်တိုဘာ ၂၀ရက်(သီတင်းကျွတ်လပြည့်ကျော် ၃ရက် နံနက် ၇ နာရီတွင် လောင်းလှူသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ဆွမ်းလောင်းပွဲကို ယခင်က ပင့်သံဃာအပါး ၃၀၀-၅၀၀ ခန့်သာလောင်းလှူခဲ့ရာမှ ၂၀၁၅ ခုနှစ်စပြီး ပင့်သံဃာတော် အရေအတွက်ကို သာသနာသက္ကရာဇ်အတိုင်းလောင်းလှူခဲ့ခြင်းဖြစ်ရာ ယခုနှစ်တွင် ပင့်သံဃာတော် ၂၅၆၈ ပါးကို ဆွမ်းသပိတ်နှင့် နဝကမ္မကပ်လှူသွားမည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် သံဃာတစ်ပါးလျှင် အလှူတော်ငွေကျပ် ၄၀၀၀၀ သတ်မှတ်ထားကြောင်း၊ ဆွမ်းလောင်းလှူပွဲကို ကုသိုလ်ရှင်အနေဖြင့် ကိုယ်တိုင်ကိုယ်ကျလောင်းလှူလိုပါက အောက်တိုဘာ ၂၀ ရက် နံနက် ၇နာရီတွင် စတင်လောင်းလှူသွားမည်ဖြစ်သည်။

မန္တလေးမြို့၏ အထင်ကရကျောက်တော်ကြီးဘုရားပွဲတော်မှာ ယနေ့သီတင်းကျွတ်လဆန်း ၈ ရက်တွင် ဖွင့်လှစ်ပြီး လပြည့်ကျော် ၃ ရက်ထိ စည်းကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ပွဲတော်ရက်မတိုင်မီကတည်းက နေ့စဉ်စည်းကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(ရွှေမန်း)

## မလွန်ဈေးဆန်လှူအသင်း(၁၂၈)နှစ်မြောက် သက်တော်ရှည်ဆရာတော်ကြီးများနှင့် အဘိဓဇ၊ အဂ္ဂမဟာဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား လှူဒါန်းပူဇော်

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းသည် ၁၃၈၆ ခု၊ ၁၂၈ နှစ်မြောက် လှူဒါန်းမှုအဖြစ် သက်တော်(၈၀)၊ ဝါတော်(၆၀) အထက် သက်တော်ရှည် ဆရာတော်ကြီးများနှင့် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၈ ရက်က အောင်မြေသာစံမြို့နယ်ရှိ ဆရာတော် ၂၄ ပါးအား တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁ သိန်းစီ စုစုပေါင်း အလှူတော်ငွေကျပ် ၂၄ သိန်းအား ဆရာတော်များ ကျောင်းတိုက်အရောက် မလွန်ဈေးဆန်လှူအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက သွားရောက်လှူဒါန်းပူဇော်ခဲ့သည်။

မလွန်ဈေးဆန်လှူအသင်းသည် ၁၃၈၁ ခုနှစ် ၁၂၃ နှစ်မြောက်မှစ၍ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး ၃ ရပ်နှင့် မန္တလေး ၇ မြို့နယ်ရှိ သက်တော်(၈၀)၊ ဝါတော်(၆၀)အထက် သက်တော်ရှည်ဆရာတော်များနှင့် အဘိဓဇ၊ အဂ္ဂမဟာဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား နှစ်စဉ်ပူဇော်သွားမည်ဖြစ်ပြီး ၁၃၈၆ ခု (၁၂၈)နှစ်မြောက်တွင် ဆရာတော်ကြီး ၂၄၇ ပါးကို တစ်ပါးလျှင် ငွေကျပ် ၁ သိန်းစီဖြင့် စုစုပေါင်းအလှူကျပ် ၂၄၇ သိန်း လှူဒါန်းပူဇော်သွားမည်ဖြစ်ပြီး လှူရန်ကျန်ရှိသော ဆရာတော်များအား ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)



## အင်းဝကိုယ်ပိုင်အထက်တန်းကျောင်းက ကေဒသမအကြိမ် စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ကဦးစီး၍ မန္တလေးမြို့၊အင်းဝကိုယ်ပိုင်အထက်တန်းကျောင်းက ဧကဒသမအကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် ငါးဆူတိုက်မှ သံဃာတော်အပါး ၅၀ ၊ ပေါက်မြိုင်တိုက်မှ သံဃာတော်အပါး ၅၀၊ရေယန်းတိုက်မှ သံဃာတော်အပါး ၅၀ နှင့် ပေါင်းလဲတိုက်မှ သံဃာတော် အပါး ၁၀၀ ၊ စုစုပေါင်း အပါး၂၅၀ တို့ကို ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရား ကျောင်းဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် မန္တလေး၊ အင်းဝကိုယ်ပိုင်အထက်တန်းကျောင်းက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၃)



# အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့

၂၀၂၄ခုနှစ် အောက်တိုဘာ ၁၃ရက်မှာ ကျရောက်တဲ့ 'အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးနေ့' ကို ဂုဏ်ပြုသောအားဖြင့် ဤဆောင်းပါးကို ရေးဖြစ်ခဲ့ပါတယ်။ အဲဒီနေ့ရဲ့ ဆောင်ပုဒ်ကတော့ 'အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့' ဖြစ်ပါတယ်။ (Empowering the next generation for a resilient future) ဖြစ်ပါတယ်။

ယနေ့ကမ္ဘာကြီးရဲ့ နိုင်ငံတော်တော်များများမှာ သဘာဝဘေးအန္တရာယ်များနဲ့ တစ်နည်းမဟုတ် တစ်နည်းဆိုသလို ဆက်နွှယ်လို့ ခံစားနေကြရ၊ ကြုံတွေ့နေကြရပါတယ်။ ကမ္ဘာကြီးရဲ့ အတွင်းပိုင်းနဲ့ အပြင်ပိုင်းက သဘာဝဖြစ်စဉ်တွေက လူသားတို့ရဲ့ အဆိုးအကောင်း ဖြစ်စဉ်တွေကို ဖန်တီးပေးနေတာပါ။ တချို့ဖြစ်စဉ်တွေက လူသားတို့ကို အကျိုးပြုနေတာ တွေ့ရပါတယ်။ ဆိုလိုတာကတော့ လူသားတို့အတွက် မရှိမဖြစ်လိုအပ်နေတဲ့ သဘာဝအရင်းအမြစ်တွေ (Natural Resources)ကို ပေးအပ်နေပါတယ်။ ရွှေ၊ ငွေ၊ ခဲ၊ သံ၊ သွပ် ကြေးနီ၊ ဂူဖရမ်၊ နီကယ်နဲ့ ခနောက်စိမ်း စတာတွေ၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ၊ ကျောက်မီးသွေးနဲ့ အခြားသော စက်မှုကုန်ကြမ်း တွင်းထွက်တွေ၊ ပတ္တမြား နီလာ၊ မဟူရာ ကျောက်စိမ်း စတာတွေကို ဖန်တီးပေးနေတာ ဒီကမ္ဘာမြေပါ။

အရာရာတိုင်းမှာ အကောင်းရှိရင် အဆိုးလည်း ရှိတတ်ပါတယ်။ ကမ္ဘာကြီးက အဖျက်သဘောဆောင်တဲ့ သဘာဝဘေးဆိုးတွေကိုလည်း ပေးအပ်နေပြန်ပါတယ်။ မီးတောင်ပေါက်ကွဲတာ၊ လှိုင်လှုပ်တာ၊ မြေပြိုတောင်ပြိုတာ၊ ရေကြီးရေလျှံတာ၊ ဟာရီကိန်း တိုင်ဖုန်းနဲ့ ဆိုင်ကလုန်း မုန်တိုင်းကြီးတွေ ဖြစ်ပေါ်နေပြန်ပါတယ်။ ဒီတော့ တချို့က ပြောလာကြပြန်တယ် ဒီကမ္ဘာမြေကြီးက လုံးဝမကောင်းပါဘူးဗျာ။ အင်မတန်ရက်စက်တယ်။ ယုတ်မာတယ်။ ဒုက္ခမျိုးစုံတွေကို ပေးနေကြပြန်တယ်။ မကြာသေးခင်ကဘဲ အမိမြေမှာ မိုးကြီးလို့ ရေကြီးရေလျှံတော့ လူတွေသေခြင်း၊ အိုးအိမ်တွေ ပျက်စီး၊ သီးနှံစိုက်ခင်းတွေ ဆုံးရှုံးရတာကလည်း အများကြီး၊ လမ်းတံတားတွေ ရေလျှောင်တမံကြီးတွေ ကျိုးပျက်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။

သဘာဝဘေးဟာ အင်မတန် အန္တရာယ်များတယ်ဆိုတော့ အထူးဂရုစိုက်ကြရမှာပါ။ သဘာဝဘေး ပြေးမလွတ်တာမှန်ပါတယ်။ သဘာဝကို အန်တုလို့ ရန်ပြုဖို့တော့ မလွယ်ကူပါ။ ဒီတော့ သဘာဝကြောင့် ဖြစ်လာမဲ့ဘေးအန္တရာယ်တွေ၊ ဘယ်လိုဖြစ်လာတယ်၊ ဘာကြောင့်ဖြစ်ရတယ်၊ ဖြစ်စဉ်တွေက ဘာတွေလဲ၊ ဘယ်အချိန် ဘယ်နေရာတွေမှာ ဖြစ်လေ့ရှိတာလဲ၊ ဘယ်လိုတားဆီးကြရင် ဖြစ်နိုင်မှာလဲ စသည်တို့ကို သေသေချာချာ လေ့လာပါ။ သုံးသပ်ပါ။ ကြိုတင်စဉ်းစားပါ။ ကြိုတင်လုပ်ဆောင်ပါ။ ဖြစ်ပြီးခဲ့တဲ့ ဘေးအန္တရာယ်တွေကို လေ့လာကြည့်ပါ။ အဓိကအကြောင်းအချက်က ဘာကြောင့်လဲ။ ဘယ်လိုကာကွယ်ကြရင် ဖြစ်နိုင်မလဲ။ နောက်တစ်ကြိမ်ဖြစ်လာရင် ဘာလုပ်ထားမလဲ။ လုံးဝဖြစ်မလာအောင် ဘယ်လိုတားဆီးကြမလဲစတဲ့ လေ့လာစရာ သင်ခန်းစာ ယူစရာတွေကို သိရှိအောင်လုပ်ပါ။ အများပြည်သူကို အသိပညာ ဖြန့်ဝေပါ။

မျိုးဆက်သစ်လူငယ်များကို သဘာဝဘေးဆိုင်ရာ အသိပညာ၊ လုပ်ဆောင်ကြရမည့် လုပ်ငန်းဆောင်တာများ၊ ဆောင်ရန်ရှောင်ရန်များ၊ ကြိုတင်ပြင်ဆင်မှု၊ ဓာတ်တိုက်လေ့ကျင့်မှုတို့ ထိထိရောက်ရောက်ဖြစ်အောင် လုပ်ဆောင်ကြရမှာပါ။ နောင်အနာဂတ်မှာ သဘာဝဘေးကို ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့ရဲ့ စွမ်းအားစုကို မြှင့်တင်ပေးရပါမည်။ မဖြစ်မနေ လုပ်ဆောင်ကြရပါမည်။

စာရေးသူတို့ရဲ့ အမိမြန်မာပြည်မှာ ဖြစ်ပေါ်ခဲ့ပြီးတဲ့၊ ဖြစ်နိုင်ခြေရှိတဲ့ သဘာဝဘေးကြီးတွေက ငလျင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ ဆူနာမီခေါ် ထူးကဲဒီရေလှိုင်းများ ဖြစ်ပေါ်ခြင်း



သဘာဝဘေးလျော့ပါးရေး စီမံဆောင်ရွက်ရေး အစီအစဉ်

တို့ဖြစ်ကြပြီး၊ အလတ်စား ဘေးအန္တရာယ်တွေကတော့ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ မြစ်ရေတိုက်စား၍ ကမ်းပါးပြိုခြင်း၊ တောမီးလောင်ခြင်းတို့ ဖြစ်နိုင်ပါသည်။ မုန်တိုင်းဒဏ်ခံရမှုကို ကြည့်ပါက ဘင်္ဂလားဒေ့ရှ်ထက် နည်းသော်လည်း ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ထက် များသည်ကို တွေ့ရပါသည်။ (ဥပမာ- ၂၀၀၆ မာလာ ဆိုင်ကလုန်း၊ ၂၀၀၈ နာဂစ် ဆိုင်ကလုန်းနှင့် ၂၀၂၃ မိုခါ ဆိုင်ကလုန်း၊ ၂၀၂၄ ရေကြီးရေလျှံမှု)

အထက်ဖော်ပြပါ သဘာဝဘေးအန္တရာယ်များအနက် မုန်တိုင်းအန္တရာယ်နဲ့ လုပ်ဆောင်ဖွယ်ရာများကိုသာ ဆက်လက်တင်ပြလိုပါတယ်။ မုန်တိုင်းကျရောက်မှုကြောင့် ခံစားရမှာဖြစ်တဲ့ သက်ရောက်မှုများကို မူရင်းသက်ရောက်မှု (Primary Impact)နဲ့ နောက်ဆက်တွဲ သက်ရောက်မှုများ (Secondary Impact)ဆိုပြီးတော့ ခွဲခြားလေ့လာရပါမယ်။

'**မူရင်းသက်ရောက်မှုများ**' မှာ မုန်တိုင်းကြီးများရဲ့ အရှိန်ကြောင့် လေပြင်းများတိုက်ခတ်ခြင်း၊ အဆောက်အအုံများပျက်စီးခြင်း၊ ပြိုကျခြင်း၊ မိုးအလွန်များ၍ ရေကြီးရေလျှံခြင်း၊ အမြင့်ပေ မြင့်မားတဲ့ ပင်လယ်လှိုင်းများကြောင့် လူအများသေဆုံးရခြင်း၊ ရေတွင်မျောပါခြင်း၊ ပျောက်ဆုံးခြင်း၊ ပြင်းထန်စွာ တိုက်ခတ်တဲ့လေကြောင့် သစ်ပင်များပြိုလဲခြင်း၊ ရေ-မီး-ဆက်သွယ်ရေးတိုင်များ ကျိုးပျက်ခြင်း၊ ပြိုလဲခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း၊ အဆက်အသွယ် ပြတ်တောက်ခြင်း၊ သွားလာရေးလမ်းကြောင်းများ ပိတ်ဆို့ခြင်း စတာတွေ ဖြစ်ပါတယ်။

'**နောက်ဆက်တွဲသက်ရောက်မှုများ**' တွေကတော့ ရေကြီးရေလျှံလို့ လူနေအိမ်များ ပျက်စီးရခြင်း၊ ရေထဲတွင်မျောပါသွားခြင်း၊ ပျောက်ဆုံးခြင်း၊ အိမ်ရာမဲ့ဖြစ်ခြင်း၊ သေပျောက်မှုရှိခြင်း၊ မြေပြိုတောင်ပြို၍ လူအများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း၊ ပင်လယ်ဆားငန်ရေများ ဝင်ရောက်လာမှုကြောင့် စိုက်ပျိုးသီးနှံများပျက်စီးခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ သောက်သုံးရေမသန့်၍ ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ အရေပြားရောဂါများ ဖြစ်ပေါ်ခြင်း၊ ပြန်လည် ထူထောင်မှုအတွက် ငွေကြေးအမြောက်အမြားလိုအပ်ခြင်း၊ လူမှုရေး ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများလိုအပ်ခြင်း၊ စားရေရိက္ခာများ ထောက်ပံ့ရန်လိုအပ်ခြင်း၊ ဆောက်လုပ်ရေးနဲ့ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ လိုအပ်ခြင်းတို့ အကျုံးဝင်ပါတယ်။

သဘာဝဘေးလျှော့ချရေး (တစ်နည်းအားဖြင့်) သဘာဝဘေးကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေး (Disaster Risk Reduction) သဘောတရားကို အကျဉ်းမျှ ဖော်ပြလိုပါတယ်။ ယင်းအတွက် အောက်ပါညီမျှခြင်းနဲ့ အလွယ်တကူ ပြသနိုင်ပါတယ်။

$$DR=\frac{((H+E)\times V)}{C}$$

DR= Disaster Risk (ဘေးကြောင့်ဆုံးရှုံးနိုင်ခြေ / ဖြစ်နိုင်ခြေ)

H= Hazard (ဘေးအန္တရာယ်)

E= Exposure (အန္တရာယ်ကျရောက်နိုင်တဲ့ သက်ရှိသက်မဲ့များ)

V= Vulnerability (အန္တရာယ်ကျရောက်နိုင်တဲ့အဆင့်) (ဥပမာ- ဒေသတစ်ခုမှာ သက်ရောက်နိုင်တဲ့ ငလျင်ပြင်းထန်အား၊ မုန်တိုင်းတိုက်ခတ်မယ်ဆိုပါက လေတိုက်နှုန်းအမြင့်ဆုံး၊ ဖြတ်ကျော်မည့်လမ်းကြောင်းနှင့် ကြာမြင့်မည့် အများဆုံးအချိန် ရေကြီးပါက ရေဝင်လာမည့် ဒေသများ စသည်)

C= Capacity (စွမ်းဆောင်ရည်)

စွမ်းဆောင်ရည်ဆိုတာကတော့ သဘာဝဘေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားမှုများ၊ ကြိုတင်သတိပေးချက် ထုတ်ပြန်ခြင်း၊ ကြိုတင်လို့နေရာ ရွှေ့ပြောင်းထားရေး၊ အန္တရာယ်ကို ကာကွယ်နိုင်တဲ့ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ စီမံဆောင်ရွက်ထားမှု၊ ကြိုတင်ဓာတ်တိုက် လေ့ကျင့်ထားမှု၊ လိုအပ်မည့်ကယ်ဆယ်ရေးပစ္စည်းများ အဆင်သင့် စုဆောင်းထားရှိမှုများ အားလုံးပါဝင်ပါတယ်။

အထက်ပါညီမျှခြင်းမှာ မြှောက်ကိန်း (V)ကို လျော့ချပြီးတော့ စားကိန်း(C)ကို တိုးမြှင့်နိုင်ရင်တော့ ရလဒ်ဖြစ်တဲ့ (DR) လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ဆိုလိုတာက အန္တရာယ်ကျရောက်နိုင်ခြေကို လျော့ချထားခြင်း (Vulnerability Reduction)နဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ထားခြင်း (Capacity Building)ဆိုင်ရာ လုပ်ငန်းများကို ပူးတွဲလုပ်ဆောင်ပေးနိုင်မယ်ဆိုရင် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ (disaster Risk- DR) လျော့နည်းသွားမှာ ဖြစ်ပါတယ်။

ဆိုလိုတာကတော့ V (အန္တရာယ်ကျရောက်နိုင်ခြေ)များရင် DR (ဘေးကြောင့်ဆုံးရှုံးနိုင်ခြေ) များသွားနိုင်ပါတယ်။ ထိုအခါ V နည်းလျှင် DR နည်းသွားတယ်။ ဆန့်ကျင်ဘက်အနေနဲ့ကတော့ C (စွမ်းဆောင်ရည်)များရင် DR (ဘေးကြောင့်ဆုံးရှုံးနိုင်ခြေ) နည်းသွားမှာပါ။ တစ်နည်းပြောရရင် C နည်းသွားရင် DR များလာပါမယ်။

အချုပ်ပြောရရင် ဘေးအန္တရာယ်များ ကျရောက်နိုင်ခြေကို တတ်နိုင်သလောက် လျော့နည်းစေပြီး စွမ်းဆောင်ရည်ကို မိမိတို့တတ်စွမ်းသမျှ မြှင့်တင်ထားဖို့ အဓိကလိုအပ်ချက် ဖြစ်ပါတယ်။ စွမ်းဆောင်ရည်ဖြစ်တဲ့ သဘာဝဘေးဆိုင်ရာ လေ့လာမှုများ၊ အများပြည်သူကို အသိပညာပေးမှု၊ အန္တရာယ်များ ကျရောက်လာမည်ကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်အသိပေးမှု၊ ကြိုတင်ပြင်ဆင်ထားရှိမှု၊ လိုအပ်တဲ့ ကာကွယ်မှုတွေ ပြုလုပ်ထားမှု၊ ကယ်ဆယ်ရေးပစ္စည်းများ အဆင့်သင့်စုဆောင်းထားရှိမှု၊ ဘေးလွတ်ရာဒေသများသို့ ကြိုတင်ပြောင်းရွှေ့ထားမှု၊ လျင်မြန်ထိရောက်သော ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ကုသရေး စတာတွေကို မဖြစ်မနေ လုပ်ဆောင်ကြဖို့ အထူးလိုအပ်ပါတယ်။ သို့မှသာ သဘာဝဘေးဆိုးကြီးများကြောင့် ဆုံးရှုံးမှုနဲ့ သေကြေပျက်စီးမှုများ လျော့နည်းသွားမှာ ဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ် ထိခိုက်မှု၊ ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာ စီမံဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို တိတိကျကျ လုပ်ဆောင်ကြရပါမယ်။ ယင်းလုပ်ငန်းစဉ်တွေကတော့ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အန္တရာယ်ကျရောက်နိုင်ခြေ လျော့ပါးခြင်း၊ မုန်တိုင်းမကျရောက်မီ ကြိုတင်ပြင်ဆင်မှု၊ မုန်တိုင်းကျရောက်နေစဉ်နှင့် မုန်တိုင်း ကျရောက်ပြီးနောက်ပိုင်း ကယ်ဆယ်ရေး၊ ပြုပြင်ရေး၊ နေရာချထားမှု၊ စောင့်ရှောက်မှု၊ ထောက်ပံ့မှု၊ ကာကွယ်ကုသမှုနှင့် ပြန်လည်တည် ဆောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ပါဝင်ပါတယ်။

**ကိုးကား- Hazard Profile of Myanmar, 2009, P 1-5**

**ဦးသိန်း(ဒေါက်တာ) (၂၀၁၄) သဘာဝဘေးလျော့ချရေးနှင့် စီမံဆောင်ရွက်ရေး (မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ဂျာနယ် အတွဲ-၁၄၊ အမှတ် ၁-၂)**

**ကိုကိုပံသု (ပခုက္ကူတက္ကသိုလ်)**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ




## Street 2 ကုဋေငွေခြောက်ရာကျော် ရရှိ၍ ဂုဏ်ပြုခံရ

အမျိုးကြီးမင်းသမီး ရှာဒါကပူးလ်၏ Street 2 မှာ ပြည်တွင်း ဟင်ဒီဈေးကွက်တစ်ခုတည်းနှင့် ကုဋေခြောက်ရာ ဝင်ငွေနှင့် စံချိန်ချိုးသွား၍ အနုပညာမောင်နှမများ ဂုဏ်ပြုပေးခဲ့ကြသည်ဟု ဘောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်အပတ်အထိ ဟင်ဒီဈေးကွက်ဝင်ငွေတွင် ထိပ်ဆုံး၌ ရှာရုခ်ခန်ရှိနေပြီး လက်ရှိ ရှာဒါးကပူးလ်က ရှာရုခ်ခန်၊ စလေခန်၊ ပရာဘတ်၊ KGF မင်းသား ရုပ်ရှင်တို့ မရသေးသည့် ကုဋေခြောက်ရာကျော် 600 Crores Club ကို ဝင်ရောက်သွားခဲ့သည်။

ရှာဒါးကပူးလ်နှင့် Stree 2 အဖွဲ့သားများကို ဟာရီသစ်ရိုရှန်းနှင့် ရာနီးမူကာဂျီး ခင်ပွန်း ပိုင် YRF တို့အပါအဝင် အနုပညာရှင်များစွာက ဂုဏ်ပြုစာများတင်၍ ချီးကျူးစကားပြောကြားထားကြရာ အမျိုးကြီး ရှာဒါးကပူးလ် ပရိသတ်ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။ **(SKY)**

## Jung Kook ၏ I Am Still
## မှတ်တမ်းရုပ်ရှင်ဇာတ်ကား ရောင်းအားစံချိန်တင်ထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ကုခ်၏ မှတ်တမ်းရုပ်ရှင် Documentary Film I Am Still သည် ရုံတင်ပြသခြင်း တစ်ပတ်မပြည့်မီ Box Office ဟု ခေါ်သည့် ရုပ်ရှင်ရောင်းအား စံချိန်တင်နိုင်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မှတ်တမ်းရုပ်ရှင်သည် အမေရိကန်နိုင်ငံတွင် သမိုင်းတစ်လျှောက် ရောင်းအားအကောင်းဆုံး အာရှအဆိုတော်၏ ရုပ်ရှင်အဖြစ် သမိုင်းစံချိန်တင်ခဲ့ကာ ဆူဂါ၏ D Day The Movie ဘလက်ပင့်ခ်၏ World Tour Born Pink တို့ကို ကျော်၍ ကိုရီးယားတွင်လည်း စံချိန်ချိုးခဲ့ကာ အီတလီနိုင်ငံ၊ တူရကီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အထိ ရောင်းအားစံချိန်တင်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း ဂျောင်ကုခ်၏ I Am Still မှတ်တမ်းရုပ်ရှင်မှာ ကမ္ဘာတစ်ဝန်းနိုင်ငံအများအပြား၌ စံချိန်တင်နိုင်ခဲ့သည်ကို တွေ့ရသည်။ **(SKY)**



## Creation of the Gods
## တရုတ်ရုပ်ရှင်ဇာတ်ကား ဝင်ငွေများစွာ ရရှိထား

ဒါရိုက်တာ ဝူအာရှန်၏ တရုတ်ပြည်မှ ဂန္ထဝင်မြောက်ဝတ္ထုကို ပြန်လည်ရိုက်ကူးထားသည့် Creation of the God ရုပ်ရှင်မှာ ဝင်ငွေများစွာ ရရှိထားသည်ဟု ဝီနံဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်၏ဝတ္ထုမှာ စွန်းဂုခုန်းဝတ္ထုနှင့် ခေတ်ပြိုင်ပေါ်ခဲ့ပြီး တရုတ်ဒဏ္ဍာရီထဲမှ သတ္တဝါဆန်းများ၊ နတ်ဒေဝါများ အစုံအလင်ပါရှိ၍ Chinese God of War ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ယင်းရုပ်ရှင်သည် ဝင်ငွေများစွာ ရရှိထားရုံမက အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုနှင့် ဒါရိုက်တာဆုကိုလည်း Weibo Awards ပွဲတွင် ဆုရရှိခဲ့သည်။ **(SKY)**







## Oru Nodi မှုခင်းဇာတ်ကား ပရိသတ်အားပေးထား

အိန္ဒိယတောင်ပိုင်း တမီးလ်ဇာတ်ကား Oru Nodi မီးခိုးကြွက်လျှောက် မှုခင်းရုပ်ရှင်မှာ စိတ်ဝင်စားဖွယ် ရိုက်ကူးထား၍ ပရိသတ် အားပေးမှုတစ်ခဲနက် ရရှိထားသည်ဟု ဘောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာသည့် အဆိုပါရုပ်ရှင်တွင် ဉာဏ်ကစားလိုသူများအတွက် ဇာတ်ကားကောင်းဖြစ်ခဲ့ပြီး အမှုကို တစစအသေးစိတ်ထုတ်ပြထားသည့် Investigative Crime ရုပ်ရှင်ဖြစ်သည်။

လူပျောက်ခင်ပွန်းသည်ကို တိုင်ချက်ဖွင့်ခဲ့သည်နှင့် အစပျိုးထားပြီး မိသားစုတစ်စုတွင် သမီးကို လက်ထပ်ရန် ငွေချေးရာမှ ကိုဗစ်ကာလနှင့်ကြုံ၍ အချိန်မီ ပြန်မဆပ်နိုင်၍ မြေကွက်သိမ်းရာ အချိန်ခြောက်လတောင်းပြီး အပေါင်ထားရာမှ ပြန်ဆပ်မည့်နေ့တွင် ငွေထုတ်သွားသော ခင်ပွန်း ပျောက်သွားခဲ့ခြင်းဖြစ်သည်။

တိုင်ချက်ဖွင့်သည့်စခန်းမှ အင်စပက်တာနှင့် ဝိသမလောဘသားတို့ ထိပ်တိုက်တွေ့ကာ ဉာဏ်ကစားကြပုံများကို ပရိသတ်သဘောကျ အားပေးထားကြသည်။ **(SKY)**


* * * * *

## Pongnawat ကို
## ကြင်နာတတ်သည့် ဦးလေးဟု သတ်မှတ်ခံရ

ထိုင်းအနုပညာရှင် လူပျိုကြီး ပွန်နာဝပ်သည် အိပ်ခန်း နှစ်ခန်းပါသောအိမ်ကြောင့် မိန်းမယူရန် စီစဉ်ထားသည်ဟု ထင်နေကြရာမှ ကြင်နာတတ်သည့် ဦးလေးဟု သတ်မှတ်ခံရသည်အထိ တူမလေးနှစ်ဦးကို ချစ်သူဖြစ်သည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ အိပ်ခန်းကိစ္စနှင့် ပရိသတ်ကြား တွေဝေစရာဖြစ်ခဲ့ရာမှ အင်တာဗျူးတစ်ခုတွင် ပွန်နာဝပ်က တူမလေးနှစ်ဦးနေဖို့အတွက်ဖြစ်ပြီး တူမလေးများ တာဝန်ကို ယူထားကာ ကျောင်းပို့၊ ကျောင်းကြို အချိန်ပေးပြီး တူမလေးများနှင့် သူ့ခွေးအတွက် အချိန်ကုန်နေရသည်ဟု ဆိုသည်။

ပရိသတ်များက ကြင်နာတတ်သည့် ဦးလေးဟု မှတ်ချက်ပေးထားကြသည်။ **(SKY)**



## အသက်ကြီးပိုင်းအာရုံကြောနှင့် မှတ်ဉာဏ်ချို့ယွင်းမှု ဦးနှောက်ဓာတ်မှန်တွင် ထင်ဟပ်တွေ့မြင်ရမည်ဟုဆို

လူတို့၏အာရုံကြောနှင့်မှတ်ဉာဏ်စနစ်သည် အသက်အရွယ်ငယ်စဉ်က ကောင်းမွန်သော်လည်း အသက်အရွယ်အိုမင်းလာသည်နှင့်တစ်ပြိုင်နက်တစ်နည်းနည်းဖြင့် ထိခိုက်ချို့ယွင်းလာလေ့ရှိသည်။

အသက်ကြီးပိုင်းတွင် တွေ့ကြုံခံစားရတတ်သော အာရုံကြောအားနည်းမှုနှင့် မှတ်ဉာဏ်ပျောက်ဆုံးမှုတို့ကို ကုစားနိုင်ရန် အမေရိကန်ဆေးသိပ္ပံပညာရှင်များ လက်တွေ့သုတေသနပြုလေ့လာလျက်ရှိသည်။

အာရုံကြောနှင့် မှတ်ဉာဏ်ထိခိုက်နေသူများ၏ ဦးနှောက်အတွင်းပိုင်းကို အော်ရီဂွန်ကျန်းမာရေးနှင့် သိပ္ပံတက္ကသိုလ်မှ အာရုံကြောဗေဒပညာတွဲဖက်ပါမောက္ခဂျူယန်ယယ်ဒ်တီဗီ ဦးဆောင်သော သုတေသီများမကြာသေးမီက ဓာတ်မှန်ရိုက်ယူလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အသက်ကြီးပိုင်းအာရုံကြောနှင့် မှတ်ဉာဏ်ချို့ယွင်းမှုကို ထင်ဟပ်တွေ့မြင်ရကာ ဦးနှောက်အတွင်းရှိ လျှို့ဝှက်သန့်စင်ရေးစနစ်အလုပ်လုပ်ပုံအကြောင်း သိလာရသဖြင့် ကုထုံးသစ်အတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။ **SCI**




## Monsters Season-2 ဖြစ်ရပ်မှန်ရုပ်ရှင်ကို Erik Menendez အစစ်က ဝေဖန်ထား

နက်ဖလစ်၏ ၁၉၈၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်မှန် လူသတ်မှုကို ပြန်လည်ရိုက်ကူးထားသည့် ဇာတ်လမ်းတွဲ Monsters: The Lyle and Erik Menendez Story ကို လက်တွေ့ဘဝတွင် ထောင်ကျနေသည့် အဲရစ်မန်အန်ဒီဇ်က ပြင်းထန်စွာဝေဖန်ထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်လမ်းကို ဒါရိုက်တာ Ryan Murphy က ပြန်လည်ရိုက်ကူးထားခြင်းနှင့် ပတ်သက်၍ ထုတ်လွှင့်မှုအပြီး အဲရစ်မန်အန်ဒီဇ်၏ ဇနီးက တရားဝင်အကောင့်မှတစ်ဆင့် အဲရစ်မန်အန်ဒီဇ်၏ အထင်အမြင်ကို ကြေညာချက်ထုတ်ပြန်ထားသည်။

၁၉၈၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်မှန်လူသတ်မှုအတွက် ညီအစ်ကိုနှစ်ဦးဖြစ်သည့် လေလီနှင့် အဲရစ်မန်အန်ဒီဇ် တို့မှာ လက်ရှိကယ်လီဖိုးနီးယား၊ ဆန်ဒီယေဂိုမြို့ RJ Donovan ပြုပြင်ထိန်းသိမ်းရေးဌာနတွင် တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကျခံနေရာမှ ညီအစ်ကိုနှစ်ဦး၏ ဆိုးရွားသည့် ဇာတ်ကောင်ပုံဖော်မှု၊ အမျိုးသားစိတ်ဒဏ်ရာနှင့် လိင်စော်ကားမှုကို မှားယွင်းစွာ ပုံဖော်ထားကာ ကလေးဘဝ စိတ်ဒဏ်ရာကို နားမလည်သည့်အတွက် စိတ်မကောင်းကြောင်းနှင့် အသရေဖျက်မှုကို ဖြန့်ဝေ၍ ရှုံ့ချကြောင်း အမှန်တရားပေါ်ထွက်လာရန် တောင်းဆိုကြောင်း အဆုံးသတ်ထားသည်။ **(SKY)**

# အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ



**ကျွန်းလှ အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ယမန်နေ့ထိ အိမ်ထောင် ၄၆၂၆ စု ၈၁ ဒသမ ၀၃ ရာခိုင်နှုန်းပြီးစီးကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီထံမှ သိရသည်။

‘ကျွန်းလှမြို့နယ်မှာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်က စတင်ပြီး မြို့ပေါ်လေးရပ်ကွက်၊ ကျေးရွာ ၂၅ ရွာ၊ စာရင်းကောက်ကွက် ၅၈ ကွက်ကို စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၆ နဲ့ ကောက်ယူခဲ့ပါတယ်။ အခုအခါ ကောက်ကွက်(၄၇)ကွက်ရှိ အိမ်ထောင်စု ၄၆၂၆ ကို ကောက်ယူပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ ကောက်ကွက် ၁၁ ကွက်ကို ဆက်လက် ကောက်ယူလျက်ရှိပါတယ်’ဟု မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဖြိုးလှုံမြတ်က ပြောသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူနေခြင်းကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၈၀)**



**ငါန်းဇွန် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေးနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို အောက်တိုဘာ ၁ ရက်မှ စတင်ကောက်ယူလျက်ရှိရာ အဆိုပါကောက်ယူမှုအခြေအနေများအား တာဝန်ရှိသူများက နေ့စဉ်ကွင်းဆင်းကြည့်ရှုအားပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ငါန်းဇွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို စာရင်းစစ် ၃ ဦးနှင့် စာရင်းကောက် ၉ ဦး၊ စုစုပေါင်း ၁၂ ဦးတို့ဖြင့် ကောက်ကွက် ၃၆ ကွက်အား အောက်တိုဘာ ၁ ရက်မှ စတင်၍ ကောက်ယူလျက်ရှိရာ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးလှသိန်းနှင့် ကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ငါန်းဇွန်မြို့နယ်အတွင်းမှ ကောက်ကွက် ၃၆ကွက်အား အိမ်ထောင်စု ကောက်ကွက်အဖွဲ့ ၃ ဖွဲ့ခွဲ၍ အောက်တိုဘာ ၁၅ ရက်အထိ၊ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ညောင်ဦး အောက်တိုဘာ ၁၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း (နဝမမြောက်နေ့)ကို ယနေ့နံနက် ၇ နာရီမှစ၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များမှ ကောက်ယူလျက်ရှိသည်။ **(အောက်ပုံ)**

ညောင်ဦးမြို့နယ်တွင် ရပ်ကွက်ပေါင်း(၁၇)ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စုတွင် သန်းခေါင်စာရင်းကောက်ကွက် ၅၇၃ ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းစစ်ကောက်အဖွဲ့ ၄၁ ဖွဲ့ဖြင့် သန်းခေါင်စာရင်း ကောက်ယူလျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ပြီး စာရင်းစစ်၊ စာရင်းကောက် အဖွဲ့များမှ မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း အိမ်တိုင်ရာရောက် Mobile Table များ အသုံးပြု၍ သန်းခေါင်စာရင်းကောက်ယူလျက်ရှိသည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာသို့ ညောင်ဦးခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်အဖွဲ့ဝင်များ၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်နှင့်မြို့နယ် စီမံအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊လုံခြုံရေးတပ်ဖွဲ့များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၄၈၁)**

**တန့်ယန်း အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကောက်ယူနေရာ တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် အမှတ်(၆) ရပ်ကွက်အတွင်း ကြည့်ရှုအားပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထိန်၊ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအမ်ဇော်နော်နှင့်



တာဝန်ရှိသူများက ကြည့်ရှုကာ ကောက်ကွက် တာဝန်ခံများက Tablet အသုံးပြု၍ CAPI နည်းပညာဖြင့် ကောက်ယူစာရင်းသွင်းနေလျက်ရှိပြီး အမှတ်(၆) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်နီ၊ ရပ်ကွက်နှင့်ကျေးရွာစာရေး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**



**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်များက ဆက်လက်ကောက်ယူလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ရပ်ကွက်များသို့ ကွင်းဆင်း၍ ကောက်ယူလျက်ရှိသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာ၌ အိမ်ထောင်စုမေးခွန်းပုံစံတွင် လူဦးရေဆိုင်ရာ အချက်အလက်များအတွက် မေးခွန်း ၁၁ ချက်၊ ပြည်တွင်းရွှေ့ပြောင်း သွားလာခြင်းအတွက် ၆ ချက်၊ ပညာရေးအကြောင်းအရာအတွက် ၆ ချက်၊ လုပ်သားအင်အား အကြောင်းအရာအတွက် ၇ ချက်၊ မွေးဖွားမှုအကြောင်းအရာအတွက် ၉ ချက်၊ မသန်စွမ်းအကြောင်းအရာအတွက် ၁ ချက်၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်းအတွက် ၈ ချက်၊ အိမ်အကြောင်းအရာအတွက် ၁၃ ချက်၊ သေဆုံးမှုနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုအတွက် ၇ ချက် စသည်ဖြင့် မေးခွန်း ၆၈ ခုကိုလည်းကောင်း၊ အဖွဲ့အစည်းမေးခွန်းပုံစံတွင် လူဦးရေဆိုင်ရာ အချက်အလက်များအတွက် မေးခွန်း၉ချက်၊ ပညာရေးအကြောင်းအရာအတွက် ၁ ချက်၊ လုပ်သားအင်အားအကြောင်းအရာအတွက် ၇ ချက်၊ မသန်စွမ်းမှု အကြောင်းအရာအတွက် ၁ ချက် စသည်ဖြင့် မေးခွန်း ၁၈ ချက်ကိုလည်းကောင်း ကွင်းဆင်း၍ မေးမြန်းကောက်ယူလျက်ရှိရာ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာမြိုင်(၁) ရပ်ကွက်နှင့် မဟာမြိုင်(၂)ရပ်ကွက်များသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။



မဟာအောင်မြေမြို့နယ်အတွင်း ရပ်ကွက် ၁၈ ရပ်ကွက်ရှိ ကောက်ကွက်ပေါင်း ၃၇၇ ကွက်၌ စာရင်းစစ် ၃၃ ဦး၊စာရင်းကောက် ၁၂၃) ဦးက အောက်တိုဘာ ၁ရက်မှ ၁၅ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို Mobile Tablet များ အသုံးပြု၍ တစ်အိမ်တက်ဆင်း စနစ်ဖြင့် စနစ်တကျ ကောက်ယူလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)(၀၅၆)**

**နတ်မောက် အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါသင်တန်းတွင် မကွေးခရိုင် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဟိန်းကျော်အောင်မှ အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသန့်စင်က သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။

နတ်မောက်မြို့နယ်တွင် နယ်မြေဒေသအခြေအနေအရ ကျန်ရှိနေသည့် ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ကောက်ကွက် ပေါင်း ၂၁၉ ဖြစ်ပြီး စာရင်းစစ် ၁၀ ဦးနှင့် စာရင်းကောက် ၂၁ ဦးဖြင့် ကောက်ယူသွားမည်ဖြစ်သည်။ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းသို့ မြို့နယ်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ စေတနာ့ဝန်ထမ်းများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **လှဝင်း**

# အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၁၀

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်တစ်ပါးသည် အကြမ်းဖက်သမားများ ထောင်ထားသည့်ဒေသန္တရလက်လုပ်တိုက်မိုင်းကြီးအား တိုက်မိခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ဆရာတော် ဘဒ္ဒန္တတေစန္တိယသည် အောက်တိုဘာ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရေပူကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ရာ ရေပူကျေးရွာ၏ အနောက်ဘက်မီတာ ၄၅၀ ခန့်အကွာသို့ အရောက် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းကြီးအား တိုက်မိ၍ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။



ဖာပွန်မြို့နယ် ရေပူကျေးရွာအနီး၌ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိမှု။

အဆိုပါမိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကမမောင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများသည် အများပြည်သူ ဆက်သွယ်အသုံးပြုလျက်ရှိသည့် လမ်းကြောင်းများတွင် ယခုကဲ့သို့ မိုင်းထောင်မှုများကြောင့် ခရီးသွားလာရေးတွင် အခက်အခဲများဖြစ်ပေါ်စေသဖြင့် ယင်းလုပ်ရပ်များကို ဒေသခံပြည်သူများက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဖာပွန်မြို့နယ် ရေပူကျေးရွာအနီး၌ အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် နေရာပြပုံ။




# ငါန်းဇွန်မြို့နယ် ညောင်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ညောင်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူ ၁၀၀ ခန့်ကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသခံပြည်သူများ အသွင်ဆောင်၍ မြို့ရွာများအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီး ယာယီနေရပ်စွန့်ခွာသူများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်ရေးသားထားသည့်လုပ်ကြံသတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# မိုးတိမ်တောင်ဖြစ်ပေါ်မှုကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၀

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

# မုံရွာထောင်တွင် ဖမ်းဆီးအကျဉ်းကျခံနေရသော CDM ဝန်ထမ်းများကို ထောင်အာဏာပိုင်များက စစ်ကောင်စီလက်အောက်တွင် တာဝန်ပြန်ထမ်းဆောင်ရန် အကျဉ်းဦးစီးဌာနက ဖိအားပေးစည်းရုံးနေဟု ခေတ်သစ်သတင်းဌာနက သတင်းတု၊ သတင်းမှား ရေးသားဖော်ပြ

နေပြည်တော် အောက်တိုဘာ ၁၀

Khit Thit Media အမည် Facebook Page တွင် အောက်တိုဘာ ၆ ရက်က မုံရွာထောင်တွင် ဖမ်းဆီး အကျဉ်းကျခံနေရသော CDM ဝန်ထမ်းများကို ထောင်အာဏာပိုင်များက စစ်ကောင်စီလက်အောက်တွင် တာဝန်ပြန်ထမ်းဆောင်ရန် အကျဉ်းဦးစီးဌာနက ဖိအားပေးစည်းရုံးနေ ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် မုံရွာအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူ ဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကို ချိုးဖောက်၍ တရားရုံးက ပြစ်ဒဏ်ပေးထားသော အကျဉ်းသား၊ အကျဉ်းသူများသာရှိပြီး ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား၊ အကျဉ်းသူများထဲတွင် CDM ပြုလုပ်ထား၍ ပြစ်ဒဏ်ကျခံနေရသည့် ဝန်ထမ်းများအား Non CDM ပြုလုပ်ရန် ခြိမ်းခြောက်၍ လက်မှတ်ထိုးခိုင်းသည် ဆိုသည်မှာ မှန်ကန်မှုမရှိသည့်အပြင် ထောင်တာဝန်ခံ အရာရှိသည် ၎င်းကိုယ်တိုင်ရေးသားထားသည့် CDM အမည်စာရင်းမှ ပယ်ဖျက်ခွင့်ပေးရန် အသနားခံစာကို CDM ပြုလုပ်ပြီး ပြစ်ဒဏ်ကျခံနေသော အကျဉ်းသားများအား ၎င်းရုံးခန်းတွင် လက်မှတ်ထိုးခိုင်းသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ပြင် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် မည်သည့် အကျဉ်းသားကိုမဆို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် ပတ်သက်၍ ထောင်တာဝန်ခံအရာရှိအနေဖြင့် ရုံးခန်း၌ခေါ်ဆောင်၍ ဖိအားပေး ခြိမ်းခြောက် လက်မှတ်ထိုးခိုင်းခြင်းမျိုးမရှိဘဲ အကျဉ်းထောင်ဥပဒေစည်းမျဉ်း၊ စည်းကမ်းအတိုင်းသာ နေထိုင်ရန် တိုက်တွန်းခဲ့ခြင်းသာ ရှိကြောင်း သိရသည်။ ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းနှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် သတင်းတု၊ သတင်းမှား ဖော်ပြခြင်းသာဖြစ်သည်။ သစ္စာ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "@yimyint123" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ရီမြင့်အား မွန်းလွဲ ၁ နာရီ ၂၀ မိနစ်တွင် မဟာအောင်မြေမြို့နယ် အမှတ် (၇)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

- ❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်. . .
- ❖ "ပညာတတ်" နိုင်ငံသားများ ဆိုသည်မှာ "အရည်အချင်း" ကိုဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်" ကို ဆိုလို...
- ❖ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် တိုင်းပြည်၏ အဓိကမောင်းနှင်အားမှာ စီးပွားရေးဖြစ် စီးပွားရေးတွင် MSME သည် အဓိကအခန်းကဏ္ဍမှ ပါဝင်

## MSME စီးပွားရေးလုပ်ငန်းများအောင်မြင်မှုမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေ

နေပြည်တော် အောက်တိုဘာ ၁၀

အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာ မျိုးသိန်းကျော်၊

*စာမျက်နှာ ၅ သို့* ❁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

## မြန်မာ့လက်ရွေးစင်အသင်းက သီရိလင်္ကာလက်ရွေးစင်အသင်းကို (၂-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းအတွင်း ယနေ့ ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော ဖီဖာနိုင်ငံတကာ ခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်အသင်းက သီရိလင်္ကာလက်ရွေးစင်အသင်းကို (၂-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအတွက် ဂိုးများကို ပွဲချိန်(၁၆)မိနစ်တွင် လွင်မိုးအောင်နှင့် ပွဲချိန်(၅၃)မိနစ်တွင် မောင်မောင်လွင်တို့က သွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် နည်းပြသစ် ဦးမျိုးလှိုင်ဝင်းလက်ထက် ပထမဆုံးပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ ပွဲအပြီးတွင် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက "ကစားသမားတွေအနေနဲ့ လေ့ကျင့်ပြင်ဆင်ချိန် ရက်တိုအတွင်းမှာ သူတို့လုပ်ရမဲ့ အလုပ်တွေကို သေချာလိုက်လုပ်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီနေ့ကွင်းထဲမှာ ခံစစ်ရော တိုက်စစ်ပါ ကစားပုံကောင်းမွန်ခဲ့ပြီး ရလဒ်ကောင်းခဲ့တာပါ။ အဲဒီအတွက်လည်း ကစားသမားတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။ (NGB)

